မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇွန် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၇)၊ အမှတ်(၂၆၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာ၌ အိုးအိမ်မဲ့ လေဘေးသင့်ပြည်သူများအတွက် ဇေခင်အုပ်စုကုမ္ပဏီလီမိတက်က လှူဒါန်းသည့် အုတ်ဖိနပ်ခံ၊ ထရံကာ၊ ပျဉ်ခင်း၊ သွပ်မိုးနေအိမ်များ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်က လက်တွန်းထွန်စက်နှင့် မျိုးစပါးများ ပံ့ပိုးပေးလျက်ရှိရာ စိုက်ကေများ အပြည့်အဝစိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းတိုးတက်ရေးဆောင်ရွက်

လေဘေးကြောင့် အိုးအိမ်မဲ့သွားသည့် ပြည်သူများအတွက် အခိုင်အမာနေအိမ်များ နိုင်ငံတော်၏ထောက်ပံ့မှုဖြင့် ကုမ္ပဏီများ၊ စေတနာရှင်များက ဆောက်လုပ်ပေးလျက်ရှိ

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အမာမြို့၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၄

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့ နံနက် ၈ နာရီခွဲတွင် ပုသိမ်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်ရင်းခန်းမဆောင်၌ မော်လမြိုင်ကျွန်းမြို့နယ် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် စားရိက္ခာအပါအဝင် ပံ့ပိုးပစ္စည်းများ ထောက်ပံ့မှု၊ မျိုးစပါးလိုအပ်ချက်နှင့် ရရှိပြီးသော မျိုးစပါးများကို တောင်သူလယ်သမားများအား ဖြန့်ဝေပေးထားမှု၊ လက်တွန်းထွန်စက်များရောက်ရှိမှု၊ မိုးစပါး စိုက်ပျိုးရေးအတွက် ထွန်ယက်မှု၊ ပျိုးထောင်မှုနှင့် စိုက်ပျိုးမှုအခြေအနေများ၊ အခြေခံပညာကျောင်းများပျက်စီးမှုများကို ပြန်လည်ပြင်ဆင်ပြီးစီးမှုများနှင့် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်စာသင်ကြားနေမှုများ၊ ပျက်စီးသည့် ဆေးရုံဆေးခန်းများ ပြုပြင်ပြီးစီးမှု၊ *စာမျက်နှာ ၈ ကော်လံ ၁* ■

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇွန် ၂၅ ရက်)

ပေါင်းစည်းညီညွတ်အားဖြင့် ပူးပေါင်းဖော်ဆောင် တည်ဆောက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်

မြန်မာနိုင်ငံတွင် မေလဆန်းက တိုက်ခတ်သွားသည့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း ဒေသအချို့တို့၌ ပြည်သူများ၏ အသက်အိုးအိမ်များအပြင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လုပ်ငန်းများ ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးခဲ့ရသည်။

နိုင်ငံတော်က လေဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်သဘာဝဘေးအန္တရာယ် ကာကွယ်ရေး လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ နိုင်ငံ့ဘဏ္ဍာငွေ အမြောက်အမြား ကျခံသုံးစွဲခဲ့ပြီးဖြစ်သည်။

ယခုအခါ နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများ၏ ထောက်ပံ့ကူညီမှုဖြင့် လေဘေးသင့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ မိမိတို့ဒေသ၌ ပြန်လည်နေထိုင်လျက်ရှိသော ပြည်သူများအတွက် နေအိမ်၊ စားနပ်ရိက္ခာ ဖြည့်ဆည်းပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန် လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိနေပြီ ဖြစ်သည်။

နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် လေဘေးသင့်ဒေသများ၌ နေအိမ်အဆောက်အအုံ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဖော်ဆောင်လျက်ရှိသကဲ့သို့ လျှပ်စစ်မီးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ကောင်းမွန်ရေးအတွက်လည်း အချိန်နှင့်တစ်ပြေးညီ ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် လမ်းသစ်များဖောက်လုပ်ရာတွင် ပင်လယ်ပိုင်းဒေသများအထိ လမ်းအမြင့်ယူပြီး ဆောင်ရွက်သွားမည်ဖြစ်ရာ ရေရှည်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။

လေဘေးသင့်ဒေသများနှင့် ပြည်သူများအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရင်း ဆေးရုံများကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးသည်သာမက အခြေခံပညာကျောင်းများကိုလည်း အဆင့်တိုးမြှင့်ပေးခဲ့သဖြင့် ဒေသတစ်ခုလုံး၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းများ မြင့်မားတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှုစွမ်းအားနှင့်အတူ စေတနာရှင်၊ အလှူရှင်များက ငွေကြေးနှင့်အခြားပစ္စည်းများ ထောက်ပံ့ကူညီမှုဖြင့် အင်တိုက်အားတိုက် ပူးပေါင်းဖော်ဆောင်လျက်ရှိရာ လေဘေးသင့် ဒေသ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်မှု ပိုမိုရရှိလာနေပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် သန့်ဇင်လမ်းသွယ်(၁) အမှတ်၆၇နေ ဒေါ်တင်ကြည်အား ရည်စူး၍ ကျန်ရစ်သူမိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်းနှင့်ဦးထွန်းတို့က လက်ခံယူကြသည်။(အောက်ပုံ) (က-ပ)

လုပ်ငန်းစွမ်းဆောင်ရည် အရှိန်အဟုန်မြှင့် မားစေရေး အလေးထားဆွေးနွေး ဝန်ထမ်းအားလုံး ရိုးဖြောင့် မှန်ကန်တာဝန်သိမှုဖြင့် ကြိုးပမ်းဆောင်ရွက်

ဝန်ကြီးဗိုလ်ချုပ်လှထွန်း ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန ညှိနှိုင်းအစည်းအဝေး၌မှာကြား

နေပြည်တော် ဇွန် ၂၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းလျာထား ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်စေရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၂၃ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာ၌ ၂၀၀၈-၂၀၀၉ဘဏ္ဍာနှစ်အတွက် လုပ်ငန်းလျာထား ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သုံးသပ်ညှိနှိုင်းပြီး လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုအရှိန်အဟုန်မြှင့်မားစေရန် အစီအမံများ အလေးထားဆွေးနွေးကြရေး၊ ဌာနတာဝန်ခံများဖြစ်ကြသော ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၏ စံနမူနာပြ ခေါင်းဆောင်မှု၊ ဝန်ထမ်းအဆင့်အတန်းအားလုံး၏ ရိုးဖြောင့်မှန်ကန် တာဝန်သိမှုတို့ဖြင့် ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်ထက်မြက်စေရေး၊ ကြိုးပမ်းဆောင်ရွက်ကြရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဘဏ်များ၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ကဏ္ဍအလိုက်၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ညှိနှိုင်းဖြည့်ဆည်းပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနေ ဦးစန်းရီနှင့် သားကြီး မောင်ယဉ်မင်းတို့အား ရည်စူး၍ ဒေါ်မြင့်မြင့်စန်းနှင့် သားသမီး၊ မြေးတစ်စုက လေးထပ်ဘိုးဘွားဆောင် သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဂီတအစည်းအရုံးဝင်များ နှစ်စဉ်ကြေးများ ပေးသွင်းရန်နှိုးဆော်

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)သို့ ပေးသွင်းထားသော နှစ်စဉ်ကြေးနှင့် ထုတ်ဝေထားသောကတ်ပြား (အပြာရောင်)များသည် ၂၀၀၇ခုနှစ် ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးခဲ့ပြီ ဖြစ်သည်။

နှိုးဆော်

ဂီတအစည်းအရုံးဝင်များသည် နှစ်စဉ်ကြေးများကို ပညာရှင်များ တစ်လကျပ် ၁၀၀နှုန်းနှင့် ဝါသနာရှင်များ တစ်လကျပ်၅၀နှုန်းတို့ဖြင့် ၂၀၀၈-၂၀၀၉ခုနှစ်အတွက် နှစ်စဉ်ကြေးများပေးသွင်း၍ အဖွဲ့ဝင်ကတ်ပြားအသစ်များ လဲလှယ်ကြရန် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က နှိုးဆော်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၅-၆-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၀၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၃၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၉။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၆)
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒိုးဒိုးဒေါက်ဒေါက် ဘုနဲ့ဘောက်** (အပိုင်း -၁၁)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြေမင်းသမီးလေး** (အပိုင်း-၂၄)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၄

၂၀၀၈ခုနှစ် ဇူလိုင် ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှေ့ ဥပစာ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ မြေစိုက်ပိုစတာစိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီးနှင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ်များရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်းအင်အား ၁၀၀၀ခန့် တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အခမ်းအနားအစီအစဉ်အရ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေးက ဇူလိုင်၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

MYANMAR WOMEN'S DAY

3 rd July 2008

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေး ၂၀၀၈ခုနှစ် ဇူလိုင်၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

၂၀၀၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ စိစစ်ရွေးချယ်

ရန်ကုန် ဇွန် ၂၄

၂၀၀၈ခုနှစ် ဇူလိုင် ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်ကျင်းပသော ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ စိစစ်အကဲဖြတ်ခြင်းအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များက ယနေ့နံနက် ၁၀နာရီခွဲတွင် အမှတ်၂၂-၂၄ ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ ဆောင်ရွက်ခဲ့သည်။**(အောက်ပုံ)**

အဆိုပါပြိုင်ပွဲကို **"ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းမှ ဓာတ်ပုံပညာရှင် ၂၅ဦးက ဓာတ်ပုံပေါင်း ၁၀၇ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား သဘောတူစာချုပ်များနှင့် ဘဏ်လုပ်ငန်းအစီအစဉ်များလက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၄

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား အိန္ဒိယသမ္မတနိုင်ငံ Minister of State for Commerce and Power, H.E.Mr. Shri Jairam Ramesh ခေါင်းဆောင်သော ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ၃နာရီတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမသို့ လာရောက်တွေ့ဆုံပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား စီးပွားရေး နှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ အကြား သဘောတူစာချုပ်နှင့် နှစ်နိုင်ငံ ဘဏ်များအကြား ငွေချေးစာချုပ်များနှင့် ဘဏ်လုပ်ငန်းအစီအစဉ်များ လက်မှတ်ရေးထိုးပွဲကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်မှတ်ရေးထိုး

အဆိုပါ လက်မှတ်ရေးထိုးပွဲတွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေး သဘောတူစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရကိုယ်စား Minister of State for Commerce and Power, H.E.Mr.Shri Jairam Ramesh တို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် အိန္ဒိယပို့ကုန် သွင်းကုန်ဘဏ်မှ Aluminium Conductor Steel Reinforced (ACSR) Wire ထုတ်လုပ်ရေးစက်ရုံ စီမံချက်အတွက် အမေရိကန်ဒေါ်လာ သန်း၂၀ ထုတ်ချေးရေးဆိုင်ရာ ငွေချေးစာချုပ်နှင့် သူငွေးချောင်း-အုတ်ရှစ်ပင်ဓာတ်အားလိုင်း၊ သူငွေးချောင်း-သံတွဲ-မအီ-အမ်းဓာတ်အားလိုင်း၊ သံတွဲ-အသုတ်ဓာတ်အားလိုင်း စီမံချက်များအတွက် အမေရိကန်ဒေါ်လာ ၆၄ဒသမ၀၇သန်း ထုတ်ချေးရေးဆိုင်ရာ ငွေချေးစာချုပ်နှစ်ရပ်တို့ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရီနှင့် အိန္ဒိယ ပို့ကုန်သွင်းကုန်ဘဏ် အထွေထွေမန်နေဂျာချုပ် Mr. Sunil Trikha တို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နှစ်နိုင်ငံ ဘဏ်များ ဆက်သွယ်မည့် ဘဏ်လုပ်ငန်းအစီအစဉ်များကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ သက်ဆိုင်ရာ အထွေထွေမန်နေဂျာနှင့် အိန္ဒိယသမ္မတနိုင်ငံ United Bank of India မှ အထွေထွေမန်နေဂျာ Mr. Ashok Rai တို့က အသီးသီး လက်မှတ်ရေးထိုးကြသည်။

တက်ရောက်

လက်မှတ်ရေးထိုးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီးဦးစိုးသာ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌဦးသန်းညိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Bhaskar Kumar Mitra နှင့် သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာဘက်မှ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှတာဝန်ရှိ ပုဂ္ဂိုလ်များတက်ရောက်ကြသည်။

ရောက်ရှိ

အိန္ဒိယသမ္မတနိုင်ငံ Minister of State for Commerce and Power, H.E. Mr. Shri Jairam Ramesh ခေါင်းဆောင်သည့် ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် မွန်းတည့်၁၂နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော် လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။

ကုန်သွယ်မှုမြှင့်တင်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းအား အိန္ဒိယသမ္မတနိုင်ငံ Minister of State for Commerce and Power, H.E. Mr. Shri Jairam Ramesh ခေါင်းဆောင်သည့် အိန္ဒိယ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ၏ ရုံးခန်းမသို့ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား အိန္ဒိယသမ္မတနိုင်ငံ Minister of State for Commerce and Power, H.E.Mr.Shri Jairam Ramesh ခေါင်းဆောင်သည့် ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ညနေ၄နာရီ မိနစ်၅၀ တွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံ၍ ရေအားလျှပ်စစ် စီမံကိန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြား ရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ Minister of State for Commerce and Power, H.E. Mr. Shri Jairam Ramesh ခေါင်းဆောင်သည့် ကုန်သွယ်ရေး ကိုယ်စား လှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra လည်း တက်ရောက်သည်။

(သတင်းစဉ်)

အာဖဂန်၌ လုံခြုံရေးအတွက် နေတိုးတပ်ဖွဲ့ဝင် ၆၀၀၀ ထပ်မံလိုအပ်

ကဘူးလ် ဇွန် ၂၄

နေတိုးမဟာမိတ်တပ်များ မူလအစီအစဉ်အတိုင်း အာဖဂန်နစ္စတန်မှ ရုပ်သိမ်းသွားလျှင် အာဖဂန်နစ္စတန်၌ နေတိုးတပ်ဖွဲ့ဝင် ၆၀၀၀အထိ ထပ်မံလိုအပ်နေဦးမည်ဖြစ်ကြောင်း နေတိုးထိပ်တန်း ဗိုလ်ချုပ်ကြီး အီဇွန်ရမ်က သတိပေးသည်။

နေတိုးတပ်များက လုံခြုံရေးတာဝန်ကို ၂၀၁၂ခုနှစ်တွင် အာဖဂန်တပ်များထံ လွှဲပြောင်းပေးမည်ဆိုလျှင် နေတိုးတပ်ဖွဲ့ဝင်များ ၆၀၀၀ အထိ လိုအပ်နေဦးမည်ဖြစ်သည်။

ကူညီရေး

အာဖဂန်နစ္စတန်တွင် လောလောဆယ် နိုင်ငံခြားတပ်ဖွဲ့ဝင် ၆၀၀၀၀ခန့်ရှိသည်။ အများစုမှာ နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေးနှင့် ကူညီရေးတပ် (အိုင်အက်စ်အေအက်ဖ်)အဖွဲ့မှဖြစ်သည်။

(အင်တာနက်)

ရေနံထုတ်လုပ်ရောင်းဝယ်မှု ပုံမှန်ဖြစ်ပေါ်ရေး အိုပက်အဖွဲ့ဝင်များအား အယ်လ်ဂျီးရီးယားတိုက်တွန်း

အယ်လ်ဂျီးယာ့စ် ဇွန် ၂၄

ရေနံပေါကြွယ်ဝသည့် နိုင်ငံများအနေဖြင့် ပွင့်လင်းသော ဈေးကွက်ဖြစ်ပေါ်ရေး၊ ရေနံနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ စီးဆင်းမှုများ ပိုမိုဖြစ်ပေါ်လာရေးအတွက် အယ်လ်ဂျီးရီးယားနိုင်ငံက ဇွန်၂၃ရက်၌ တိုက်တွန်းဆော်ဩလိုက်သည်။

ရေနံထုတ်လုပ်မှု၊ ရောင်းချမှုနှင့်သယ်ယူမှုများ တည်ငြိမ်စေရန်အတွက် ရေနံသယံဇာတကြွယ်ဝသည့် နိုင်ငံများအားလုံး စုစည်းညီညွတ်စွာ ဆောင်ရွက်ကြရန် လိုအပ် ကြောင်း အယ်လ်ဂျီးရီးယားနိုင်ငံက တိုက်တွန်းထားသည်။

တာဝန်ယူ

အယ်လ်ဂျီးရီးယားနိုင်ငံသည် ယခုအချိန်၌ ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူရသည့်အချိန်ဖြစ်သည်။ ဆော်ဒီအာရေဗျနိုင်ငံ ဂျေဒါမြို့တွင် ကျင်းပမည့် အိုပက်၊ အိုင်အေအီးအေနှင့် နိုင်ငံတကာ စွမ်းအင်ဖိုရမ်(အိုင်အီးအက်ဖ်)တို့မှ ခေါင်းဆောင်များအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည့်အချိန်ဖြစ်သည်။

ရေနံဈေးနှုန်းမြင့်တက်မှုသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၄၀ခန့်ရှိ ကြောင်းသိရသည်။ **(အင်တာနက်)**

စင်ကာပူနိုင်ငံ ပင်လယ်ဆိပ်ကမ်း၌ ကုန်သေတ္တာသင်္ဘောတင် လုပ်ငန်းဆောင်ရွက်မှုကို ဇွန် ၂၄ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးညီလာခံ တောင်ကိုရီးယား၌ ကျင်းပ

ဆိုးလ် ဇွန် ၂၄

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ အပြည်ပြည်ဆိုင်ရာ ညီလာခံကို ဇွန် ၂၃ရက်က ကျင်းပရာ ကုလသမဂ္ဂမှ အနာဂတ်ကာလ ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ဆောင်မှုများနှင့် ပတ်သက်၍ ဆွေးနွေးမည်ဖြစ်သည်။

ပူးတွဲဆောင်ရွက်

ယင်းကုလသမဂ္ဂငြိမ်းချမ်းရေးဆိုင်ရာ ညီလာခံ၌ နိုင်ငံပေါင်း ၄၀ကျော် တက်ရောက်ပြီး အိမ်ရှင်နိုင်ငံအဖြစ် တောင်ကိုရီးယား၊ ကနေဒါနှင့် ဗြိတိန်နိုင်ငံတို့ ပူးတွဲဆောင်ရွက်ကြောင်း တောင်ကိုရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ငြိမ်းချမ်းရေးလုပ်ငန်း

ကုလသမဂ္ဂငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်မှုကို ၁၉၄၈ပြည့်နှစ်မှစ၍ တိုးမြှင့်လုပ်ဆောင်လျက်ရှိရာ တစ်ကမ္ဘာလုံးဆိုင်ရာ၌ သဘောထားကွဲလွဲမှု၊ မသင့်မြတ်မှုများ ဖြေရှင်းနိုင်ရန် စစ်ဘက်ရဲတပ်ဖွဲ့ဝင် ၁၀၀၀၀၀နှင့် ကုလသမဂ္ဂကိုယ်စားလှယ် ၃၀၀၀၀တို့အား ငြိမ်းချမ်းရေးလုပ်ငန်းများအတွက် တာဝန်ချမှတ် ဆောင်ရွက်လျက်ရှိသည်။

ဖော်ပြ

တောင်ကိုရီးယားနိုင်ငံအနေဖြင့် တပ်ဖွဲ့ဝင် ၄၀၀ခန့်အား ရှစ်နိုင်ငံအတွင်း ကုလသမဂ္ဂငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှု၌ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်၌ အမျိုးသမီး အသေခံဗုံးခွဲမှု ၁၅ဦးသေဆုံး၊ ၃၅ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက် ဒီယာလာပြည်နယ် ဘာကူဘာမြို့ အစိုးရရုံးဌာန အဆောက်အအုံအနီးရှိ စားသောက်ဆိုင်တစ်ဆိုင် အပြင်ဘက်၌ အမျိုးသမီးတစ်ဦး အသေခံဗုံးဖောက်ခွဲမှုတစ်ရပ် ဇွန်၂၃ရက်က ဖြစ်ပွားရာ ၁၅ဦးသေဆုံးပြီး ၃၅ဦး ဒဏ်ရာရရှိသွားခဲ့သည်။

ယင်းအမျိုးသမီးမှာ စားသောက်ဆိုင်ရှေ့တွင် ကင်းလှည့်လာသော ရဲတပ်ဖွဲ့ဝင်များအကြားသို့ သွားရောက်ပြီး သူမကိုယ်တွင် တပ်ဆင်လာသည့် အင်အားပြင်းဗုံးကို ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံ၌ ယခုနှစ်အတွင်း အမျိုးသမီး အသေခံဗုံးခွဲတိုက်ခိုက်မှု ၂၁ခုရှိသွားပြီဖြစ်ကြောင်း၊ အများစုမှာ ဒီယာလာပြည်နယ်နှင့် ဘဂ္ဂဒက်မြို့တော်တို့၌ ဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဇင်ဘာဘွေ၌ အကြမ်းဖက်မှုများ ပေါ်ပေါက်နေမှု နိုင်ငံတကာ၏ ပိုမိုဝေဖန်ခံနေရ

ဟာယာရေး ဇွန် ၂၄

ဇင်ဘာဘွေသမ္မတရွေးကောက်ပွဲ ထပ်မံမကျင်းပမီ အကြမ်းဖက်မှုများ ပေါ်ပေါက်လာခြင်းကြောင့် ဇင်ဘာဘွေအစိုးရအပေါ် နိုင်ငံတကာက ဝေဖန်မှုများ ပိုများလာကြောင်း ဇင်ဘာဘွေမီဒီယာများက ဇွန်၂၄ရက်၌ ဖော်ပြသည်။

ရုပ်သိမ်း

ဇင်ဘာဘွေနိုင်ငံ၏ လက်ရှိအခြေအနေတွင် ရွေးကောက်ပွဲကျင်းပလျှင် ဤဒေသအတွင်း အကျပ်အတည်းတစ်ခု ပေါ်ပေါက်နိုင်ကြောင်း ထိုဒေသအုပ်စုခေါင်းဆောင်ဇမ်ဘီယာသမ္မတ လက်ဗီမဝမ်နာဝါဆာက ပြောကြားလိုက်သည်။ အတိုက်အခံ နိုင်ငံရေးပါတီက အခြေအနေကို ရှောင်တိမ်းရန် ရွေးကောက်ပွဲဝင်မည့် အစီအစဉ်ကို ရုပ်သိမ်းခြင်းသာဖြစ်သည်ဟု ၄င်းက ပြောကြားသည်။

ကြေညာ

အတိုက်အခံအမ်ဒီစီအနေဖြင့် ဇင်ဘာဘွေနိုင်ငံကို မည်သည့်အခါမျှ အုပ်ချုပ်ခွင့်မပြုဟု ရောဘတ်မူဂါဘီက ပြီးခဲ့သည့်ရက်သတ္တပတ်က ကြေညာခဲ့သော်လည်း ၄င်း၏ပါတီ ဇာနု-ပီအက်ဖ်က နိုင်ငံရေးအကြမ်းဖက်မှုနှင့် ပတ်သက်၍ နိုင်ငံတစ်ဝန်းက ဝေဖန်ပြစ်တင်ခဲ့သည်။ **(အင်တာနက်)**

အာဂျင်တီးနား လယ်သမားများ လမ်းပိတ်မှုများ ပြန်လည်ရုပ်သိမ်း

ဗျူနိုအေရိစ် ဇွန် ၂၄

အာဂျင်တီးနား လယ်သမားများ သုံးလကြာ အစိုးရနှင့်အငြင်းပွားစဉ်က နိုင်ငံတစ်ဝန်း လမ်းများပိတ်ဆို့ခဲ့မှု အများအပြားကို ပြန်လည်ရုပ်သိမ်းပေးလိုက်ပြီဖြစ်သည်။

ပိုမိုကောက်ခံ

တောင်သူလယ်သမားများမှာ ပဲပုပ်နှင့် အခြား လယ်ယာထွက် ပစ္စည်းများအပေါ် အစိုးရက အခွန်ပိုမို ကောက်ခံမှုကြောင့် အစိုးရနှင့် ပဋိပက္ခဖြစ်ရခြင်းဖြစ်သည်။ ယင်းဖြစ်ပွားမှု၏ အကြောင်းရင်းကို ယခုအခါ အာဂျင်တီးနား ကွန်ဂရက်တွင် အချေအတင် ဆွေးနွေးမည်ဖြစ်သည်။

ကန့်ကွက်ဆန္ဒပြ

သို့သော် ယင်းကိစ္စနှင့် ပတ်သက်၍ တိုးတက်မှုမရှိလျှင် တောင်သူလယ်သမားများက ပြန်လည်ကန့်ကွက် ဆန္ဒပြရန် အသင့်ရှိသည်။

တင်ပို့မှု

လယ်သမားများ၏ ကန့်ကွက်ဆန္ဒပြမှုကြောင့် ရိက္ခာပြတ်လပ် ကုန်ပြီး သွားလာရေး ထိခိုက်ကာ လယ်ယာထွက်ပစ္စည်း တင်ပို့မှုကို နစ်နာစေသည် ဆို၏။ **(အင်တာနက်)**

ရေနံဈေးနှုန်း မြင့်တက်နေမှုကြောင့် ရေနံတိုးထုတ်မည်ဟု ဆော်ဒီအာရေဗျ ကတိပြု

ဂျက်ဒါ ဇွန် ၂၄

ကမ္ဘာ့ထိပ်တန်း ရေနံထုတ်လုပ်ရောင်းချသည့် နိုင်ငံများနှင့် ထိပ်တန်းရေနံသုံးစွဲသည့် နိုင်ငံများ၏ အရေးပေါ်အစည်းအဝေးမှာ ဆုံးဖြတ်ချက် မည်မည်ရရ မချနိုင်ဘဲ ရက်သတ္တပတ်ကုန်က ပြီးဆုံးသွားပြီးနောက် ရေနံဈေးနှုန်းများ တက်လာသည်။

ရေနံစိမ်း

ဩဂုတ်လအတွက် ကြိုတင်ရေနံဈေးနှုန်းမှာ လန်ဒန်၌ ရေနံစိမ်းတစ်စည်လျှင် ဒေါ်လာ၁၃၆ ဒသမ ၁၅အထိတက်လာနိုင်ကြောင်း၊ ယခုအချိန်ထက် ၁ဒသမ ၂၉ ဒေါ်လာမြင့်တက်လာပြီး အမေရိကန်ရေနံမှာ တစ်စည်လျှင် ၁၃၆ဒေါ်လာအထိ တက်လာနိုင်သည်။

တက်လာ

ဆော်ဒီအာရေဗျနိုင်ငံက နေ့စဉ်ရေနံစည်ပေါင်း ၂၀၀၀၀၀ကို ပိုထုတ်ရန် အာမခံသည့်ကြားမှပင် ရေနံစိမ်းများ တက်လာခြင်းဖြစ်သည်။

ကုန်ကျစရိတ်

ရေနံဈေးနှုန်း စံချိန်တင် မြင့်တက်မှုကြောင့် လောင်စာဈေးနှုန်းများတက်ကာ ကမ္ဘာတစ်ဝန်း လူနေမှုကုန်ကျစရိတ်များ ပိုမိုလာရသည်။ **(အင်တာနက်)**

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး/လေ အခြေအနေ

နယူးယောက် ဇွန် ၂၄

ကမ္ဘာ့မိုးလေဝသ အဖွဲ့ချုပ်မှ ဇွန် ၂၄ ရက်က ထုတ်ပြန်ခဲ့သော မြို့ကြီးအချို့၏ ရာသီဥတု အခြေအနေကို အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၀°C	မိုးရွာ
ဂျပန်	တိုကျို	၂၄°C	လေပြင်းတိုက်၊မိုးရွာ
ထိုင်း	ဗန်ကောက်	၃၄°C	လေပြင်းတိုက်၊မိုးရွာ
ဩစတြေးလျ	ဆစ်ဒနီ	၁၇°C	တိမ်ထူထပ်
ပါကစ္စတန်	ကရာချိ	၃၄°C	တိမ်ထူထပ်
အီဂျစ်	ကိုင်ရို	၃၄°C	သာယာ
ရုရှား	မော်စကို	၂၀°C	တိမ်ထူထပ်
ဂျာမနီ	ဖရန့်ဖွတ်	၂၅°C	သာယာ
ပြင်သစ်	ပါရီ	၂၂°C	တိမ်ထူထပ်
ဗြိတိန်	လန်ဒန်	၂၁°C	တိမ်ထူထပ်
အမေရိကန်	နယူးယောက်	၂၅°C	တိမ်ထူထပ်

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ကို ဇွန် ၂၃ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

အစ္စလမ္မာဘတ် ဇွန် ၂၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ကြက်ခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားသည်ကို အတည်ပြုပြီးနောက် ကြက်ကောင်ရေ ၂၀၀၀ကျော်ကို သုတ်သင်ရှင်းလင်းခဲ့ကြောင်း ဒေသတွင်း သတင်းဌာနက ဇွန် ၂၃ရက်တွင် သတင်းထုတ်ပြန်သည်။

ဖောင်တီရာပြည်နယ် ဆာဝါဘာဒေသရှိ ကြက်ခြံတစ်ခြံတွင် ပြီးခဲ့သည့်ရက်အနည်းငယ်က ကြက်ကောင်ရေ ၄၀၀၀ မှာ ရုတ်တရက်သေဆုံးခဲ့ကြောင်း၊ ဒေသဆိုင်ရာ ဓာတ်ခွဲခန်း၌ စမ်းသပ်စစ်ဆေးရာ $H_5 N_1$ ကြက်ငှက်တုပ်ကွေးရောဂါပိုးရှိကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၄-၆-၂၀၀၈

ဟောင်ကောင်၌ ရွှေဈေးမြင့်တက်

တရုတ်နိုင်ငံ ဟောင်ကောင်ဒေသ၌ ရွှေတစ်အောင်စလျှင် ဟောင်ကောင်ဒေါ်လာ ၄၀ ထပ်မံမြင့်တက်လာခဲ့ကြောင်း ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ လက်ရှိပေါက်ဈေး၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၀၃ဒသမ၈၉ ဒေါ်လာ ရှိကြောင်း သိရသည်။

အီရန် နျူကလီးယားစက်ရုံများ အစ္စရေးတိုက်မည်ဟု အီရန်မယူဆ

အီရန်က ၎င်း၏နျူကလီးယား စက်ရုံများကို အစ္စရေးက လာရောက် တိုက်ခိုက်ရေးမှာ မဖြစ်နိုင်ဟု ယူဆမိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပြောကြား

မြေထဲပင်လယ်အရှေ့ပိုင်းတွင် အစ္စရေးတို့က လေကြောင်းလေ့ကျင့်ခြင်းမှာ အီရန်အားတိုက်ခိုက်ရန် လေ့ကျင့်နေခြင်းဖြစ်နိုင်ကြောင်း အမေရိကန်မီဒီယာက ရေသားဖော်ပြပြီးနောက် အီရန်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အခိုင်အမာရပ်တည်

အီရန်နိုင်ငံက ၎င်း၏နျူကလီးယား အစီအစဉ်သည် ငြိမ်းချမ်းရေးအတွက် သက်သက်ဖြစ်ကြောင်း အခိုင်အမာ ရပ်တည်ပြောကြားလျက် ရှိသည်။

နော်ဝေနှင့် အိန္ဒိယနိုင်ငံတို့ အဆင့်မြင့်ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်

နော်ဝေနှင့် အိန္ဒိယနိုင်ငံတို့သည် ပညာရေးကဏ္ဍ အဆင့်မြင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီကြောင်း အော့စလိုသတင်းဌာနမှ ထုတ်ပြန်ကြေညာသည်။

ယခု ရက်သတ္တပတ်အတွင်း အော့စလိုမြို့၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အသေးစိတ်အချက်အလက်များကို သဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်း နော်ဝေနိုင်ငံ အဆင့်မြင့်ပညာရေးနှင့် သုတေသနဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါကဏ္ဍများတွင် သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးမှုအဆင့်မြင့် မဟာသိပ္ပံတန်းနှင့် ပါမောက္ခအဆင့် ပညာရေးကဏ္ဍများကို အထူးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ဘဝအမောပြေ

ခေါ်လိုက်ပုံက . . .

ဦးလေးဖြစ်သူက အိမ်ရှေ့တွင်ရှိသော တူဖြစ်သူ ဂျွန်အား လှမ်းခေါ်လေသည်။

အန်ကယ် ။ ။ ဂျွန်…ခဏလာဦးဟေ့။

ဂျွန် ။ ။ ဟုတ်ကဲ့ လာပါပြီ။

အန်ကယ် ။ ။ ငါ့ကို တက္ကစီခေါ်ပေးစမ်းပါ။

ဂျွန် ။ ။ ဟုတ်ကဲ့။

ထို့နောက် ဦးလေးဖြစ်သူလည်း အိမ်ခန်းအတွင်းသို့ဝင်ပြီး လိုအပ်သည့်ပစ္စည်းများ ယူကာ အပြင်သို့ထွက်လာရာ တူဖြစ်သူအား မတ်တတ်ရပ်အနေအထားဖြင့် ပါးစပ်လှုပ်လျက် ရှိနေသည်ကို တွေ့ရသဖြင့် …

အန်ကယ် ။ ။ ဂျွန်…ဘာလုပ်နေတာလဲ။

ဂျွန် ။ ။ ဦးလေးနာမည်ကို တက္ကစီ…တက္ကစီနဲ့ ခေါ်ပေးနေတာလေ။

အန်ကယ် ။ ။ "ဟိုက်"

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အီရတ်သို့ ရှေးဟောင်းပစ္စည်းများ ဂျော်ဒန် လွှဲပြောင်းပေးအပ်

အီရတ်ရှေးဟောင်းပစ္စည်း ၂၀၀၀ ကျော်ကို ဂျော်ဒန်နယ်စပ်တွင် ဂျော်ဒန် အာဏာပိုင်များက သိမ်းယူဖမ်းဆီးနိုင်ခဲ့ပြီး အီရတ်နိုင်ငံသို့ အခမ်းအနားဖြင့် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

ဖော်ညွှန်း

ယခုပြန်လည်ရရှိသည့် ရှေးဟောင်းပစ္စည်းများမှာ ဘီစီ ၇၀၀၀မှ ၂၀၀ အတွင်းရှိ လူသားများ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ညွှန်းပြသနေကြောင်း အီရတ်ရှေးဟောင်းသုတေသနဝန်ကြီးဌာန ဝန်ကြီး မိုဟာမက်အယ်လ်ယူရောဘီက ပြောကြားသည်။

ယင်း ရှေးဟောင်းပစ္စည်းများမှာ ၂၀၀၃ ခုနှစ်က အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ ကျူးကျော်တိုက်ခိုက်စဉ် ဘဂ္ဂဒက် အမျိုးသားပြတိုက်မှ ခိုးယူလုယက်ခံရသည့် ပစ္စည်း ၁၅၀၀၀ ကျော်မှ ပစ္စည်းများဖြစ်သည်။

ယခုအချိန်အထိ ရှေးဟောင်းပစ္စည်း ၅၀၀၀မှ ၆၀၀၀ အကြား ပြန်လည်ရရှိပြီဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။



အင်တာနက်ကျန်းမာရေး

လိမ္မော်ရည်သောက်သုံးခြင်းဖြင့် အူကင်ဆာကာကွယ်နိုင်

လိမ္မော်ရည်(အပေါ်ပုံ)ကို ပုံမှန်သောက်သုံးခြင်းဖြင့် အူကင်ဆာဖြစ်ပွားမှု ကာကွယ်နိုင်ကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက ဇွန် ၂၃ရက်၌ ပြောကြားသည်။

ကာကွယ်ပေး

လိမ္မော်သီးမှ တိုက်ရိုက်ရယူသည့် လိမ္မော်ရည်တွင် ပါဝင်သော ဓာတ်ပေါင်းက အူတွင်ဖြစ်ပေါ်နိုင်သော ကင်ဆာဆဲလ်များ ရှင်သန်မှုကို ထိန်းချုပ်နိုင်ကြောင်း၊ ထို့အပြင် သွေးကလာပ်စည်းများ ပျက်စီးမှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

မဖြစ်ပွားနိုင်

လိမ္မော်ရည်တွင် ဗီတာမင်စီဓာတ်အများအပြား ပါဝင်လျက်ရှိရာ ခန္ဓာကိုယ်တွင်း ကိုလက်စထရောများနေမှုကို လျှော့ကျစေနိုင်သည့်အပြင် ဖျားနာမှုလည်း ကာကွယ်နိုင်ကြောင်း သိရသည်။

လိမ္မော်ရည်ကို နေ့စဉ်ပုံမှန်သောက်သူ ၃၀၀၀ ခန့်ကို သုံးနှစ်ကြာ သုတေသနပြုခဲ့ရာ ၎င်းတို့အားလုံးသည် အူကင်ဆာဖြစ်ပွားမှုနှင့် ဖျားနာခြင်းဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် လိမ္မော်ရည်ကို သောက်သုံးခြင်းဖြင့် သွေးနှင့်ပတ်သက်သည့် ရောဂါဖြစ်ပွားမှုလည်း အလွန်နည်းကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

သူတို့ အတွေးနှင့် အမြင်

⁕ ***I love wisdom more than she loves me.***

ဉာဏ်ပညာရှိမှုက ကျွန်ုပ်ကိုချစ်သည်ထက် ကျွန်ုပ်က ဉာဏ်ပညာရှိမှုကို ပို၍ချစ်သည်။

လော့ဒ်ဘိုင်ယွန်
(အင်္ဂလိပ်လူမျိုး ကဗျာဆရာ)

⁕ ***Concentration is my motto; first honesty, then industry, then concentration.***

အာရုံစူးစိုက်မှုသည် ကျွန်ုပ်၏ဆောင်ပုဒ်ဖြစ်ပြီး ပထမမှာ ရိုးသားမှု၊ ဒုတိယမှာ ကြိုးစားအားထုတ်မှုနှင့် တတိယမှာ အာရုံစူးစိုက်မှုပင်ဖြစ်သည်။

အင်ဒရူးကာနက်ဂျီ
(အမေရိကန်နိုင်ငံသား စက်ကော့လူမျိုးသူဌေးကြီး)

ပီသုကာလက်ရာများ ပြည့်လျှမ်းနေသော ဘီလိဇ်နိုင်ငံ

သတင်းအက်ဆေး

ဘီလိဇ်နိုင်ငံသည် အမေရိကအလယ်ပိုင်း အရှေ့ဘက်ကမ်းခြေဒေသတွင် တည်ရှိသည်။ ဤနိုင်ငံသည် အိမ်နီးချင်း ဗဟိုအမေရိကနိုင်ငံများထက် ကာရစ်ဘီယံကျွန်းနိုင်ငံများ၏ ပြောင်းလဲ ဖြစ်ပေါ်မှုနှင့် ပို၍နီးစပ်တူညီသည်။ ဤအချက်ကို ဤနိုင်ငံ၏ အင်္ဂလိပ်နှင့် ဥရောပ-အာဖရိကအကြား အဓိကဘာသာစကားများက လည်းကောင်း၊ အင်္ဂလိပ်ကာရစ်ဘီယံ ဗိသုကာလက်ရာများက လည်းကောင်း၊ အတော်အတန်ငြိမ်းချမ်းသည့် နိုင်ငံရေးဖွံ့ဖြိုးမှုတို့ကလည်းကောင်း ထင်ဟပ်ဖော်ပြလျက်ရှိသည်။

စည်းရုံးနိုင်ခြင်းမရှိ

ဤနေရာဤဒေသသို့ စပိန်တို့ ၁၆ရာစုနှင့်၁၇ရာစုများက ရောက်လာကြသော်လည်း တိုင်းရင်းသားဒေသခံမာယာလူမျိုးတို့ကိုမူ ခရစ်ယာန်ဘာသာသို့ သွတ်သွင်းစည်းရုံးနိုင်ခြင်းမရှိပေ။

အခြေချလာ

၁၆၀၀ပြည့်လွန်နှစ်များတွင် ဤနေရာသည် စပိန်ပိုင်ဗဟိုအမေရိကန်နှင့် ကာရစ်ဘီယံ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ ဘီလိဇ်မြစ်တစ်ဝိုက်သို့ ဗြိတိန်ခေတ်ပျက် သူဌေးများ၊ သစ်ခုတ်သမားများစတင် အခြေချလာသည်။ ၁၇၉၈ခုနှစ်တွင် ဗြိတိန်အခြေချလာသူများအား စပိန်က နှင်ထုတ်ရန်ကြိုးပမ်းသည်။ သို့သော် မအောင်မြင်ခဲ့။

၁၈၄၇-၅၃ခုနှစ်များအတွင်း ယူကာတန်၌ လူတန်းစားခွဲခြားမှု စစ်ဖြစ်ပွားပြီးနောက် စပိန်စကားပြော ဒုက္ခသည်များကို ဘီလိဇ်မြောက်ပိုင်းတွင် နေရာချထားပေးပြီး မာယာလူမျိုးစုများကို မြောက်ပိုင်းနှင့် အနောက်ပိုင်းတွင် ပြန်လည်နေရာချထားပေးလိုက်သည်။

စွန့်လွှတ်လိုက်

၁၈၆၂ ခုနှစ်တွင် ဘီလိဇ်ကို ဗြိတိန်အစိုးရ၏ တိုက်ရိုက်အုပ်ချုပ်သော နိုင်ငံအဖြစ် တရားဝင်ကြေညာပြီး အမည်ကိုလည်း ဗြိတိသျှဟွန်ဒူးရပ်စ်ဟု ပြောင်းလိုက်သည်။ ၁၈၉၃ ခုနှစ်တွင် မက္ကစီကိုနိုင်ငံက ဘီလိဇ်နယ်မြေတောင်းဆိုမှုကို စွန့်လွှတ်လိုက်သည်။

စီးပွားပျက် ကပ်ဆိုက်

၁၉၃၀ပြည့်လွန်နှစ်များတွင်ဘီလိဇ် စီးပွားရေးက စီးပွားပျက်ကပ်ဆိုက်သည်။ ဘီလိဇ်မြို့တော်မှာ ဟာရီကိန်းမုန်တိုင်းကြောင့် အကြီးအကျယ်ပျက်စီးသည်။ ၁၉၆၁ခုနှစ်တွင် ဟက်တီဟာရီကိန်းမုန်တိုင်းကြောင့် လူ ၂၆၀ကျော် သေဆုံးသည်။ ၂၀၀၀ ပြည့်နှစ်အောက်တိုဘာလတွင် ကိသ်ဟာရီကိန်းမုန်တိုင်းကြောင့် နိုင်ငံတစ်ဝန်းအကြီးအကျယ်ပျက်စီးမှုနှင့် ၂၀၀၁ခုနှစ် အောက်တိုဘာလတွင် အိုင်းရစ်ဟာရီကိန်း မုန်တိုင်းကြောင့် မြို့အများအပြားလေဘေးဒဏ်ခံရပြီး ထောင်ပေါင်းများစွာတို့ အိုးမဲ့အိမ်မဲ့ဘဝ ရောက်ရှိကုန်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ

၁၉၅၄ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြုပြင်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည်။ ရွေးကောက်ပွဲတွင် ဂျော့ပရိုက် ဦးဆောင်သည့် ပြည်သူ့ညီညွတ်ရေးပါတီ(ပီယူပီ) အနိုင်ရသည်။ ၁၉၆၄ခုနှစ်တွင် အပြည့်အဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်လာသည်။ အရွယ်ရောက်သူတိုင်း မဲပေးခွင့်ရပြီး အထက်နှင့်အောက်လွှတ်တော်နှစ်ရပ် ပါဝင်သည့် ပါလီမန်ကို ပြဋ္ဌာန်းသည်။

၁၉၇၀ ပြည့်နှစ်တွင် ဘီလိဇ် မြို့တော်အစား ဘယ်မိုပန်ကို မြို့တော်အဖြစ် သတ်မှတ်သည်။ ၁၉၇၃ ခုနှစ်တွင် ဗြိတိသျှဟွန်ဒူးရပ်စ်အစား နိုင်ငံတော်အမည်ကို ဘီလိဇ်ဟု ပြောင်းလဲလိုက်သည်။

၁၉၈၁ခုနှစ်တွင် လွတ်လပ်ရေးရရှိသည်။ ဝန်ကြီးချုပ်မှာ ဂျော့ပရိုက်ဖြစ်သည်။ သို့သော် ဂွာတီမာလာနိုင်ငံက အသိအမှတ်မပြုပေ။ ၁၉၉၁ခုနှစ်တွင်မှ အသိအမှတ်ပြုသည်။

နိုင်ငံအကြီးအကဲမှာ ဗြိတိန်နိုင်ငံအယ်လီဇဘက်ဘုရင်မကြီးဖြစ်ပြီး ဘုရင်ခံချုပ်က ကိုယ်စားပြုသည်။

၁၉၉၈ခုနှစ်တွင် ဆာအစ်မူဆာ ဝန်ကြီးချုပ် ဖြစ်လာသည်။ ၂၀၀၃ခုနှစ် မတ်လတွင် ထပ်မံရွေးချယ်ခံခဲ့ရသည်။

အာမခံ

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ရွေးကောက်ပွဲတွင် အတိုက်အခံပါတီ (ယူဒီပီ)အနိုင်ရပြီး ဒင်းဘာရိုးဝန်ကြီးချုပ် ဖြစ်လာသည်။

ပြဋ္ဌာန်း

သူ့လက်ထက်တွင် ရာဇဝတ်မှုများကို တိုက်ဖျက်မည်။ အိုးအိမ်များ ထပ်မံတည်ဆောက်ပေးမည်။ တစ်ချိန်တည်းမှာပင် အစိုးရအရာရှိများ၏ အလွဲသုံးစားမှု ပြုလုပ်ခြင်းကို ဟန့်တားမည့် ဥပဒေများ ပြဋ္ဌာန်းမည်ဟု ဝန်ကြီးချုပ်က အာမခံထားသည်။

ကာကွယ်ပေး

ခရီးသွားလုပ်ငန်းမှာ နိုင်ငံခြားငွေ အဓိကရှာပေးသည့် လုပ်ငန်းဖြစ်သည်။ တောရိုင်းတိရစ္ဆာန်များ၊ မာယာယဉ်ကျေးမှု ရှေးဟောင်းပစ္စည်းများ၊ ကမ္ဘာပေါ်တွင် အရှည်ဆုံးကျောက်တန်းနှင့် ယင်းကလုံခြုံစွာ ကာကွယ်ပေးထားသည့် ကျွန်းပေါင်း ၂၀၀ တို့သည် ခရီးသွားလုပ်ငန်းအတွက် အဖိုးမဖြတ်နိုင်သည့် ပိုင်ဆိုင်မှုများဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက် **တိုး – ရေးသားသည်**

ခရီးသွားလုပ်ငန်းမှာ နိုင်ငံခြားငွေ အဓိကရှာပေးသည့် လုပ်ငန်းဖြစ်၊ တောရိုင်းတိရစ္ဆာန်များ၊ မာယာယဉ်ကျေးမှု ရှေးဟောင်းပစ္စည်းများ၊ ကမ္ဘာပေါ်တွင် အရှည်ဆုံးကျောက်တန်းက လုံခြုံစွာ ကာကွယ်ပေးထား၊ ကျွန်းပေါင်း ၂၀၀ တို့သည် ခရီးသွားလုပ်ငန်းအတွက် အဖိုးမဖြတ်နိုင်သည့် ပိုင်ဆိုင်မှုများဖြစ်။

ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်း

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ

၂၀၀၈ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်နေ့က မြန်မာနိုင်ငံ ဧရာဝတီတိုင်း အောက်ပိုင်းနှင့် ရန်ကုန်တိုင်းအချို့ဒေသများတွင် တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ ခန့်အထိ ပြင်းထန်သော ဆိုင်ကလုန်း (Cyclone)မုန်တိုင်း တိုက်ခတ်မှုကြောင့် ရဟန်းရှင်လူ ပြည်သူ သန်းနှင့်ချီ၍ ကျောင်းမဲ့၊ အိမ်မဲ့အဖြစ်သို့ ရောက်ခဲ့ရပြီး ရဟန်းရှင်လူ ပြည်သူ တစ်သိန်းသုံးသောင်းကျော် ပရမ်းပတာ သေဆုံးခဲ့ရသည့် အဖြစ်ဆိုးကြီးကား တစ်သက်မှာတစ်ခါ ကြုံခဲ့ရသည့် အလွန်ဝမ်းနည်းကြေကွဲဖွယ် အဖြစ်ဆိုးကြီးတစ်ရပ်အဖြစ် မှတ်တမ်းတင်ခဲ့ရလေသည်။

ဤတစ်သက်မှာ ဤအဖြစ်မျိုး နောက်တစ်ဖန် မကြုံတွေ့ပါရစေနဲ့ဟု ဆုတောင်းမိပါသည်။ ထို့ပြင် နောင်ဘဝအဖြစ် ဆက်တိုင်းဆက်တိုင်း ဤမျှလောက် ဝမ်းနည်းကြေကွဲဖွယ်ကောင်းသော ဘောဂဗျသနု၊ ရောဂဗျသနု၊ ဉာတိဗျသနု၊ သီလဗျသနု၊ ဒိဋ္ဌိဗျသနဟူသော စီးပွားပျက်၊ ဆွေမျိုးပျက်၊ မိသားစုပျက်၊ ကျန်းမာရေးပျက်၊ ကိုယ်ကျင့်သီလပျက်၊ ဘာသာရေးပျက်၊ လူမှုရေးပျက် စသည့် ပျက်စီးခြင်းအမျိုးမျိုးတို့ကို ဘယ်ဘဝမှာမှ မမြင်မတွေ့ပါရစေနဲ့ဟု ဆုတောင်းမိပါသည်။ ထို့ပြင်လည်း မည်သည့်လူသား တစ်စုံတစ်ယောက်မျှ ဤကဲ့သို့သော ပျက်စီးခြင်းမျိုးစုံတို့ကို မထိတွေ့၊ မခံစားကြရပါစေနှင့်ဟု ဆုတောင်းရပါသည်။

မိမိကိုယ်တိုင် ဤကဲ့သို့သောပျက်စီးခြင်းမျိုးတို့ကိုမထိတွေ့၊ မခံစားကြရစေကာမူ မိမိနိုင်ငံသူ၊နိုင်ငံသား ရဟန်းရှင်လူအများတို့ ဤမျှ စပ်ခါးစူးရှသော ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတို့ကို ခံစားရသည့်အဖြစ်ကို သိရှိ မြင်တွေ့ရသည့်အခါ မိမိ၏နှလုံးသားမှာလည်း ထိုဒုက္ခသည်များနှင့်မခြားအပ်သွားတစ်ရာဖြင့် ထိုးဆွခံရဘိသည့်အလား ပြင်းစွာသောဝေဒနာကို စူးစူးရှရှ ခံစားရပါသည်။ ပြင်းစွာသော နှလုံးသား၏ တုန်လှုပ်ခြင်းကို မည်သို့ တိုင်းတာရမည်မသိပေ။ ထို့ကြောင့် ထိုဒုက္ခသည်တို့၏ ဒုက္ခကို ငါသည် မည်မျှလောက် မည်သည့်နည်းဖြင့် စောင့်ရှောက်ကူညီရပါအံ့နည်းဟု အလေးအနက် စဉ်းစားမိခဲ့သည်။ (ဒုက္ခာဘိဘူတာနံ အနာထဘာဝဒဿန ပဒဋ္ဌာနာ ကရုဏာ)။ ထို့ကြောင့် မေလ ၈ ရက်နေ့ညတွင် သီတဂူအဖွဲ့ကို အရေးပေါ်အစည်းအဝေးခေါ်သည်။

Compassionate Common Platform ကရုဏာလမ်းကြောင်းကို တည်ဆောက်ကြရန်၊ ထိုလမ်းကြောင်းပေါ်မှာ လက်တွဲလမ်းလျှောက်ကြရန် ကရုဏာ၏သရုပ်ကို ပေါ်လွင်စေဖို့ Compassion in action ဒုက္ခရောက်သူတို့ကို စောင့်ရှောက်ဖို့ လက်တွေ့လုပ်ရမည်ဟု မူစနစ်ကို ချမှတ်ခဲ့သည်။ ပါဠိဘာသာဖြင့် ပြောရလျှင် မနောကံကရုဏာမှ ကာယကံမြောက်ကရုဏာ သရုပ်ဖော်အလုပ်ကို လုပ်ကြရမည်ဖြစ်သည်။ လုပ်နိုင်စွမ်းရှိသူတို့၊ လုပ်ငန်းကျွမ်းကျင်လုပ်တတ်သူတို့မှာ လုပ်ချင်စိတ်ရှိဖို့ အရေးကြီးပါသည်။ လုပ်ချင်စိတ်ပင်ရှိသော်လည်း လုပ်နိုင်စွမ်းမရှိလျှင်၊ မလုပ်တတ်လျှင် ထိထိပေါက်ပေါက် အကျိုးမသက်ရောက်နိုင်ပေ။ သို့ဖြစ်ခြင်းကြောင့် သီတဂူအဖွဲ့နှင့် သီတဂူ၏ တပည့်တို့ကို ဤသုံးချက်ဖြင့် လုပ်ငန်းခွင်သို့ သို့မဟုတ် ဒုက္ခရောက်သူတို့၏နယ်မြေသို့ တွန်းပို့လိုက်သည်။

မေလ ၉ ရက်နေ့မှာ ဘိုကလေးမြို့နယ် ကွမ်းသီးချောင်း ကျေးရွာ သီတဂူဓမ္မဝိဟာရကျောင်းတိုက်တွင် သီတဂူ ကူညီစောင့်ရှောက်ထောက်ပံ့ရေး ရှေ့တန်းစခန်းကို ဖွင့်လှစ်ခဲ့သည်။ ပြည်တွင်းနှင့်ပြည်ပကို အသိပေးလိုက်သည်။ လေဘေး၊ ရေဘေးသင့်ကြသော ကျေးရွာများမှ သံဃာတော် တစ်ပါးတစ်ပါးနှင့် ရပ်ရွာလူကြီးခေါင်းဆောင်တစ်ယောက်စီ တစ်ယောက်စီကို ဖိတ်ကြားလိုက်သည်။ ဆန်များ၊ အဝတ်အထည်များ၊ စောင်၊ ခြင်ထောင်များ၊ အိုးခွက်ပန်းကန်များ အမျိုးအမည်ပေါင်း တစ်ရာကျော်နှင့် အခြား အခြား စားစရာ၊ အသုံးအဆောင်များကို လှူဒါန်းခဲ့သည်။ သီတဂူနှင့် အာရှတော်ဝင် ဆရာဝန်၊ ဆရာမများဖြင့် ဆေးရုံ၊ ဆေးခန်းလေးခု ဖွင့်လှစ်ခဲ့သည်။ (ကဒုံ၊ အမာ၊ စက်ဆန်း၊ ကွမ်းသီးချောင်း)ကိုယ်တိုင် အလှူခံရရှိသည့် ဆေးဝါးဖြင့် ကုသပေးခဲ့သည်။ ဘိုကလေးမြို့ပေါ်ရှိ ဒုက္ခသည်များမှီခိုရာ ဘုန်းတော်ကြီးကျောင်း ၁၀ကျောင်းသို့ သုံးကြိမ်သွားရောက်၍ ဒုက္ခသည်များအား ဆန်၊ အဝတ်အထည်နှင့် အခြားစားစရာ၊ ဝတ္ထုငွေများလှူဒါန်းခဲ့သည်။ ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများသို့ သွပ်ပြားအချပ်၁၀၀စီနှင့် ကျောင်းပြင်ရန် ဝတ္ထုငွေကျပ်တစ်သိန်းစီ လှူဒါန်းခဲ့သည်။ အချို့ကျောင်းများကို ငါးသိန်းစီ၊ ၁၀သိန်းစီလည်းပေးလှူခဲ့သည်။ ကဒုံကနီနှင့် အမာကျေးရွာများရှိ နိုင်ငံတော်အစိုးရဆေးရုံနှစ်ရုံကို ပြင်ဆင်မွမ်းမံပေးခဲ့သည်။ ဆေးရုံသုံးပစ္စည်းနှင့်ဆေးဝါးများအပြည့်အစုံ လှူဒါန်းပေးခဲ့သည်။ ဘိုကလေးမြို့ နိုင်ငံတော်အစိုးရဆေးရုံကို ဒေါ်လာငါးသောင်းဖိုးခန့်တန်ဖိုးရှိသော ပစ္စည်းများလှူဒါန်းရန် အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်သည်။ ဇွန်လ ၉ရက် တစ်လပြည့်မြောက်နေ့ အထိ သီတဂူသာသနာပြုအဖွဲ့က လှူဒါန်းထောက်ပံ့ခဲ့သော ပမာဏမှာ မြို့နယ်ခြောက်မြို့နယ်၊ ကျောင်းပေါင်း ၁၃၄၄ ကျောင်း၊ တစ်ကျောင်းလျှင် အနည်းဆုံး ငွေကျပ်တစ်သိန်းစီဖြင့် စုစုပေါင်း ၁၃၄၄သိန်းကျော် လှူပြီးဖြစ်သည်။ တစ်ကျောင်းလျှင် သွပ်ပြားအချပ် ၁၀၀နှုန်းဖြင့် သွပ်အချပ်ရေ ၁၄၆၆၀၀ ကျော်လှူခဲ့ပြီးဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းပေါင်း ၁၃၄၄၊ ကျေးရွာပေါင်း ၉၀၀ ကျော်တို့အား ဆန်တစ်တင်းခွဲဝင် အိတ်ပေါင်း တစ်သောင်းကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။ အဝတ်အထည်နှင့်ဒန်အိုး၊ ဒန်ခွက်၊ အခြားစားစရာများ ထရပ်ကားအစီးတိုက်ပေါင်း ၃၀၀ ကျော်ခဲ့ပြီး ဖြစ်ပါသည်။

ယနေ့ သီတဂူအဖွဲ့က ဘိုကလေးပြည်သူ့ဆေးရုံသို့ လှူဒါန်းခဲ့ပြီးသော ပစ္စည်းများမှာ Ultrasound Machine (ကွန်ပျူတာ ဓာတ်မှန်စက်)၊ ECG Monitoring System (အရေးကြီးလူနာသုံး နှလုံးစမ်းသပ်စက်)၊ ECG (နှလုံးစမ်းသပ်စက်)၊ Anesthesia Machine (မေ့ဆေးစက်)၊ Diathermy (လျှပ်စစ်ခွဲစိတ်စက်)၊ Autoclave (ခွဲစိတ်ကိရိယာများပေါင်းတင်စက်)၊ Surgical Instrument Set (ခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများ)၊ Defibrillator (နှလုံးနှိုးစက်)၊ Electric Generator (လျှပ်စစ်ဓာတ်အားပေးစက်)၊ Oxygen Concentrator (အောက်စီဂျင်ထုတ်လုပ်သည့်စက်)၊ Medicine Trolley (ဆေးတင်လှည်း)၊ Dressing Trolley (သူနာပြုလှည်း)၊ Instrument Trolley (ခွဲစိတ်ကိရိယာ ထည့်သောလှည်း)၊ Patient Bed-16 (လူနာသုံး ခုတင် ၁၆လုံး)၊ Bedside Locker-16 (လူနာသုံးစားပွဲ ဗီရို ၁၆ လုံး)တို့ ဖြစ်ကြသည်။

အမာမြို့နယ်ဆေးရုံသို့ လှူဒါန်းခဲ့ပြီးသော ပစ္စည်းများမှာ Operation Bed (ခွဲစိတ်ခန်းသုံးခုတင်)၊ Operation Light (ခွဲစိတ်ခန်းသုံးမီး)၊ Anesthesia Machine (မေ့ဆေးစက်)၊ Diathermy (လျှပ်စစ်ခွဲစိတ်စက်)၊ ECG (နှလုံးစမ်းသပ်စက်)၊ Autoclave (ခွဲစိတ်ကိရိယာများပေါင်းတင်စက်)၊ Surgical Instrument Set (ခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများ)၊ Electric Generator (လျှပ်စစ်ဓာတ်အားပေးစက်)၊ Patient Bed and Bedside Table (လူနာခုတင်နှင့် စားပွဲဗီရို)များ ဖြစ်ကြသည်။

ကဒုံကနီဆေးရုံသို့ ယခင်ကပင် ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း အတွက် အပြည့်အစုံလှူဒါန်းခဲ့ပြီး ဖြစ်သော်လည်း လေဘေး၊ ရေဘေးကြောင့် ပျက်စီးယိုယွင်းသွားသည်တို့ကို ပြန်လည်အစားထိုးရန် ပြင်ဆင်ထားသော ပစ္စည်းများမှာ အိမ်ခြေနှစ်ထောင်သုံးနိုင်သည့် ရေသန့်ထုတ်လုပ်ပေးမည့်စက်၊ E.C.G Machine, Cardiac Table, Medicine Trolley, Dressing Trolley, Instrument Trolley, Labour Table, Vaccum Extractor, Foot Suction, O_2 Flowmeter, Fowler's Bed, Generator (60 KVA) တို့ ဖြစ်ကြသည်။

သီတဂူသာသနာပြုအဖွဲ့သည် သာသနာရေး၊ ပညာရေးနှင့် ကျန်းမာရေး ကိစ္စများကို ဦးစားပေး၍ ကူညီစောင့်ရှောက်ပေးနေပါသည်။ ဝေးလံသီခေါင်သော Remote Area ရှိ ဆင်းရဲနွမ်းပါးသော ဘုန်းတော်ကြီးသင် မူလတန်းကျောင်းများ၊အစိုးရမူလတန်းကျောင်းများကိုလည်း ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် ကျောင်းအချို့အား ရွေးချယ်ထားပြီးဖြစ်ပါသည်။ မိမိတို့ လုပ်နိုင်စွမ်းရှိသလောက်၊ လုပ်ခွင့်ရသလောက် ရဟန်းရှင်လူ၊ ပြည်သူတို့၏ အကျိုးစီးပွားကို လုပ်ဆောင်နေကြခြင်းဖြစ်ပါသည်။ လိုအပ်သလောက်နှင့် လုပ်ချင်စိတ်ရှိသလောက် မလုပ်နိုင်သည့် မိမိတို့၏အနေအထားကို ဝမ်းနည်းမိပါသည်။ ဤလောကတ္ထစရိယ လုပ်ငန်းအားလုံးတို့သည် ပြည်တွင်း၊ ပြည်ပ အလှူရှင်တို့၏ မေတ္တာ၊ ကရုဏာနှလုံးသားမှ သန့်ရှင်းစွာ ထွက်ပေါ်လာသည့် အလှူများဖြစ်ပါသည်။ အလှူဒါနကို မှီခို၍နေရသော ဤလောကတ္ထစရိယ လုပ်ငန်းအားလုံးသည် အလှူဒါန အနည်းအများပေါ်မှာတည်မှီ၍ စောင့်ရှောက်မှုလုပ်ငန်း အနိမ့်အမြင့်၊ အကျယ်အပြန့် ပမာဏအမျိုးမျိုး ရှိမည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ရထားသည့်ဘဝကောင်းတစ်ခုမှာ မွန်မြတ်သောလုပ်ငန်းတစ်ခုကို ဤမျှလောက် လုပ်ကိုင်ခွင့်ရသည့် မိမိ၏ဘဝကို ဝမ်းမြောက်ကြည်နူးမိပါသည်။ ဝိုင်းဝန်းလှူဒါန်းကြသည့် အလှူရှင်များ၊ လုပ်အားဒါနပြုကြသည့် တပည့် ဒကာ၊ ပြည်သူအများ ဝိုင်းဝန်းစောင့်ရှောက် အားပေးကူညီကြသည့် နိုင်ငံတော်အစိုးရ အဖွဲ့အစည်းအဆင့်ဆင့်မှ ဝန်ထမ်းများအားလုံးကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ပါသည်၊ ဂုဏ်ပြုပါသည်၊ မှတ်တမ်းတင်ပါသည်။ ကျန်းကျန်းမာမာ၊ စိတ်ချမ်းသာစွာ အသက်ရှည်ကြပါစေ။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)

AM & PM

- ၇း၀၀-၁း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅-၁း၀၅ **သောတာပန် ဂုဏ်ရည်** တရားတော် ဆရာတော် အရှင်ဇဝန (မေတ္တာရှင်)
- ၇း၅၅-၁း၅၅ Industrial Talk ဒေါက်တာမင်းသိန်း၊ ဦးတင်အောင်ရွှေ (သုတေသီ)
- ၈း၂၅-၂း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၈း၅၀-၂း၅၀ သမိုင်းထဲက မင်းရာမ ကြည်ညိုဖူးမြော်စေတီတော်
- ၉း၀၅-၃း၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၁၅-၃း၁၅ Midweek Sports News
- ၉း၃၀-၃း၃၀ တေးဂီတအစီအစဉ်
- ၉း၃၅-၃း၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉း၄၀-၃း၄၀ ဖန်တီးရုပ်ကြွ ဗေဒါရိုးပစ္စည်းအလှ
- ၉း၅၅-၃း၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၀း၀၀-၄း၀၀ ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းအကြောင်း (ပါမောက္ခဒေါက်တာ မြင့်သိန်း၊ဒေါက်တာ ကျော်စွာအောင်)
- ၁၀း၂၀-၄း၂၀ တေးဂီတအစီအစဉ်
- ၁၀း၂၅-၄း၂၅ Celebrity Profile (Lဆိုင်းဇီနှင့် တွေ့ဆုံခြင်း)
- ၁၁း၀၀-၅း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၁၀-၅း၁၀ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
- ၁၁း၂၀-၅း၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၂၅-၅း၂၅ Yangon Panorama
- ၁၁း၄၀-၅း၄၀ တေးဂီတအစီအစဉ်
- ၁၁း၄၅-၅း၄၅ မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
- ၁၁း၅၅-၅း၅၅ တေးဂီတအစီအစဉ်
- ၁၂း၀၀-၆း၀၀ Myanmar Video Rhythm
- ၁၂း၂၅-၆း၂၅ တေးဂီတအစီအစဉ်
- ၁၂း၃၀-၆း၃၀ ဆုံးရှုံးမှုများမှသည် ဘက်စုံထူထောင်ရေးလုပ်ငန်းများဆီသို့(မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သဘာဝဘေး အန္တရာယ်ကာကွယ်ရေး အတွက် ကြိုးပမ်းဆောင်ရွက်ချက်)
- ၁း၀၀-၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

ကျော်ကြားသူများနှင့် မူးယစ်ဆေးဝါးအန္တရာယ် မျက်နှာဖုံးသတင်း ဆောင်းပါးဖြင့် ယခုတစ်ပတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇွန် ၂၄

ကျော်ကြားသူများနှင့် မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းနှင့်ပတ်သက်၍ အနုပညာရှင်များ၊ စိတ်ရောဂါအထူးကုဆရာဝန်ကြီးများနှင့် ကျွမ်းကျင်ပညာရှင်များ၏ ထင်မြင်သုံးသပ်ချက်များ၊ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်လေ့လာရေး ကျွမ်းကျင်ပညာရှင် ကျိုတိုတက္ကသိုလ် တွဲဖက်ပါမောက္ခ ဒေါက်တာ Rajib Shaw နှင့် တွေ့ဆုံခြင်း စသည့် အကြောင်းခြင်းရာ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်အတွဲ(၄)၊ အမှတ်(၂၄) ယခုတစ်ပတ်တွင် ထွက်ရှိလာသည်။

ထို့အပြင် ကုန်းနှင့်ရေနှစ်မျိုးသုံး လျှပ်ပြေးယာဉ်များ မြန်မာနိုင်ငံတွင် ပထမဆုံးထုတ်ရန်စီစဉ်၊ သဘာဝဘေးအန္တရာယ်တား ကျောက်ချောလမ်း မြစ်ဝကျွန်းပေါ်ဒေသတွင် ဖောက်လုပ်မည်၊ ၂၀၀၉တွင် ကားစီးရေတစ်သောင်း ကျော်ထုတ်ရန် ပထမအဆင့်အနေဖြင့် ကုမ္ပဏီ ၂၆၀ကို လုပ်ငန်းချထားပေး၊ မလေးရှားလေယာဉ်မှူးသင်တန်းကျောင်း သင်တန်းသစ် အောက်တိုဘာတွင် ဖွင့်မည်၊ တာချီလိတ်စက်မှုဇုန်ကြီးတွင် စက်ရုံကြီးလေးရုံတည်ဆောက်ရန်စီစဉ်နေ၊ လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် အာရှနည်းပညာတက္ကသိုလ်က မြန်မာကျောင်းသား ၁၀ဦးကို သင်တန်းပေးမည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ဘောလုံးနှင့် လောင်းကစားအကြောင်း စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဖိလစ်ပိုင်တွင် တိုင်ဖုန်းမုန်တိုင်းကြီးတိုက်ခတ် လူရာနှင့်ချီသေဆုံး၊ နာမကျန်းဖြစ်နေသော ဖီဒယ်လ်ကက်စထရိုအား ဗင်နီဇွဲလားသမ္မတချားဗက်ဇ် တွေ့ဆုံ၊ လစ်ဗျားခေါင်းဆောင် ကဒါဖီက ဘားရက်အိုဘားမားအားဝေဖန်၊ ဖိလစ်ပိုင်အစိုးရက ဆင်းရဲသားပြည်သူများအတွက် လျှပ်စစ်ဓာတ်အားခထောက်ပံ့ငွေပေး၊ ဖွဲ့စည်းပုံအသစ်ရေးဆွဲရာတွင် နောက်ဆုံးချိန် မသတ်မှတ်ရန် စင်ကာပူဒုတိယနိုင်ငံခြားရေးဝန်ကြီးပြော၊ စပျစ်သီးအနီမှ အသက်ရှည်ဆေး ရှာဖွေတွေ့ရှိ၊ စကွစ်ဂြိုဟ်တု ရုပ်သံဖမ်းစက်အသုံးပြုနိုင်ပြီ၊ “ကားဖိုးကျေပါပြီ၊ ကျွန်တော့်ကို ခွင့်လွှတ်ကြပါ” ဟာသကဏ္ဍသစ်၊ လူသတ်မှုတရားခံ သုံးဦးကို ဂျပန်တွင် ကြိုးပေး၊ “ပလိုင်းမောက်ဂိုးသမား မူးပြီးမောင်းရာမှ ကလေးငယ်နှစ်ဦးသေဆုံး” နိုင်ငံတကာမှုခင်းရေးရာ၊ “ပြောရဦးမယ် သူတို့ကဒီလိုတဲ့” နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍသစ် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ကံ့ကော်မြိုင် သာသနာ့ရိပ်သာစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၄

သဃ်္ဃန်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက်ရှိ ကံ့ကော်မြိုင် သာသနာ့ရိပ်သာစာသင်တိုက်တွင် ဝါဆိုကပ်တော်မူကြမည့် သံဃာတော် အရှင်သူမြတ်များနှင့် ပင့်သံဃာတော် အရှင်သူမြတ်များအား (၁၈)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၁၃ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီ၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ၊ ဓမ္မမိတ်ဆွေများကိုယ်တိုင် ဆက်ကပ်ပြီး ရေစက်ချ အနုမောဒနာတရားတော် နာယူနိုင်ရန် ကြွရောက်ကြပါရန် ပစ္စည်းလေးပါး ထောက်ပံ့ရေးဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၆-၂၀၀၈ ရက်

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၅ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၀၅ ၅။ ရခိုင်ချောင်တံတား
- ၈း၁၅ ၆။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈း၃၀ ၇။ International News
- ၈း၄၀ ၈။ **မြူတိမ်ကင်းသောနေ့** ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ သဇင် ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအကများ
- ၄း၃၅ ၄။ သီချင်းကြီးပဒေသာ
- ၄း၅၅ ၅။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၂၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ မြန်မာ့ခလေ့ရိုးရာလက်ဖွဲ့
- ၇း၀၀ ၁၂။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၃၀ ၁၃။ **မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ**
- ၇း၄၀ ၁၄။ တေးဂီတအစီအစဉ်
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **၂၀၀၇ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲနှင့်ပဒေသာကပွဲ(အပိုင်း-၂)**

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ရွှေတိဂုံစေတီတော်ပရဝဏ်အတွင်းရှိ သာသနိက အဆောက်အအုံများ ပြုပြင်ရန် အမေရိကန် ဒေါ်လာနှစ်သိန်း လှူဒါန်း

သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ အိန္ဒိယသမ္မတနိုင်ငံ **Minister of State for Commerce and Power, H.E.Mr.Shri Jairam Ramesh** က ရွှေတိဂုံစေတီတော်ရှိ သာသနိက အဆောက်အအုံများပြုပြင်ရန် အလှူငွေ အမေရိကန်ဒေါ်လာနှစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၂၄

အိန္ဒိယသမ္မတနိုင်ငံ Minister of State for Commerce and Power, H.E. Mr. Shri Jairam Ramesh ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၂ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိလာကြရာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

လေ့လာ

ထို့နောက် ဧည့်သည်တော်ဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့သို့ သွားရောက်ပြီး ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

လှူဒါန်း

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးသည် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိပြီး ရွှေတိဂုံစေတီတော်မြတ်သို့သွားရောက်၍ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော စေတီတော်ပရဝဏ်အတွင်းရှိ သာသနိကအဆောက်အအုံများပြုပြင်ရန် အလှူငွေ အမေရိကန်ဒေါ်လာနှစ်သိန်းကိုပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံကာ ရွှေတိဂုံစေတီတော်မြတ်ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်ပူဇော်၍ လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင်ကျရောက်ခဲ့သည့် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ပူးတွဲလေ့လာသုံးသပ်ရေးဆိုင်ရာ အာဆီယံစားပွဲဝိုင်း ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သည့် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ပူးတွဲလေ့လာသုံးသပ်ရေးဆိုင်ရာ အာဆီယံစားပွဲဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချတ်ထရီယံဟိုတယ် Grand Ballroom ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ စားပွဲဝိုင်းဆွေးနွေးပွဲသို့ အာဆီယံအတွင်းရေးမှူးချုပ် Dr. Surim Pitsuwam ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကောင်စီ အမှုဆောင်အတွင်းရေးမှူး Ms. Noeleen Heyzer သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့အောက်ရှိ လုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများနှင့် အာဆီယံဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် ကိုရီးယား၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့မှ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများ၊ သံရုံးအဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျာမနီ၊ အီတလီ၊ ပြင်သစ်၊ ဗြိတိန်၊ အမေရိကန်၊ အီဂျစ်၊ ဆွစ်ဇာလန်၊ ချက်၊ ဆော်ဒီအာရေဗျနှင့် ဩစတြေးလျနိုင်ငံတို့မှ သံတမန်များနှင့် ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာမှ ကူညီပံ့ပိုးမှုပေးသော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ စားပွဲဝိုင်းဆွေးနွေးပွဲတွင် ရှေးဦးစွာ အာဆီယံအတွင်းရေးမှူးချုပ် Dr.Surin Pitsuwam က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကောင်စီ အမှုဆောင်အတွင်းရေးမှူး Ms. Noeleen Heyzer က အမှာစကားပြောကြားသည်။

လေ့လာသုံးသပ်

ထို့နောက် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းအပြီး အရေးယူတုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်မှုဆိုင်ရာ လက်ရှိဆောင်ရွက်ထားမှု အခြေအနေနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် နာဂစ်မုန်တိုင်း၏ အကျိုးသက်ရောက်မှုများအား လေ့လာသုံးသပ်ရန်နှင့် အတွေ့အကြုံများဖလှယ်ရန် ယခုစားပွဲဝိုင်းဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း။

နာဂစ်မုန်တိုင်းကြောင့် ယနေ့အထိ လူပေါင်း ၈၄၅၃၇ဦးသေဆုံးခဲ့ရပြီး ၅၃၈၃၆ဦး ပျောက်ဆုံးကာ ၁၉၃၅၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးရမှု အတိုင်းအတာမှာ မကြုံစဖူးကြီးမားသော်လည်း မိမိတို့အနေဖြင့် မြန်ဆန်စွာအရေးယူဆောင်ရွက်ခဲ့ပြီး ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သော အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက ညှိနှိုင်းမှုအရပ်ရပ်ကို ပြုလုပ်ပေးလျက်ရှိကြောင်း၊ မုန်တိုင်းသင့်ရာဒေသများ၌ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက အနီးကပ် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပုံမှန်ကျင်းပ

အရေးပေါ်အကူအညီအတွက် ငွေကျပ် ၂၇ဒသမ ဖ၆ဘီလီယံ ခွဲဝေချထားပေးခဲ့ပြီး ဖြစ်ကြောင်း၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ အထူးလုပ်ငန်းတာဝန်မှာ အကဲဖြတ်သုံးသပ်ရန်နှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်ကို ရေးဆွဲရန်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သုံးပွင့်ဆိုင်ဗဟို အဖွဲ့၏အစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိကြောင်း။

မုန်တိုင်းသင့်ဒေသများတွင် ရှေ့ပြေးအကဲဖြတ်လေ့လာရေးအဖွဲ့ နှစ်ဖွဲ့ကို ဇွန် ၅ရက်မှ ၇ရက်အတွင်း ဖြန့်ကြက်ပေးခဲ့ကြောင်း၊ ယင်းအဖွဲ့နှစ်ဖွဲ့တွင် အာဆီယံ၏အရေးပေါ်လျှပ်တစ်ပြက် အကဲဖြတ်ရေးအဖွဲ့ (Emergency Rapid Assessment Team)၊ မြန်မာအစိုးရအဖွဲ့နှင့် ကုလသမဂ္ဂတို့မှ ကျွမ်းကျင်သူပညာရှင်များ ပါဝင်ကြောင်း၊ မုန်တိုင်းအပြီး ပူးတွဲအကဲဖြတ်လုပ်ငန်းအဖွဲ့၏ သတင်းအချက်အလက်ကောက်ယူမှုအဆင့်မှာ ယခုအခါပြီးဆုံးခဲ့ပြီဖြစ်ကြောင်း။

ယနေ့ ကျင်းပသော စားပွဲဝိုင်းဆွေးနွေးပွဲ၏ ဦးတည်ချက်မှာ မုန်တိုင်းအပြီး ပူးတွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့က ကနဦး လေ့လာတွေ့ရှိချက်များကို ထောက်ပံ့ပေးနိုင်ရန်နှင့် ကဏ္ဍအလိုက် အကြံပြုတင်ပြနိုင်ရန်ဖြစ်ကြောင်း။

အရှိန်အဟုန်မြှင့်တင်

ဤဆွေးနွေးပွဲတွင် အာဆီယံနှင့် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို တင်ပြကြမည်ဖြစ်ကြောင်း၊ အကြံပြုချက်များ ပေါ်ထွက်လာခြင်းဖြင့် အာဆီယံလူသားချင်းစာနာထောက်ထားမှု အထူးလုပ်ငန်းအဖွဲ့၏လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများအတွက် အကြံပြုနိုင်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် စားပွဲဝိုင်းဆွေးနွေးပွဲ အစုအဖွဲ့(၁)၏ နာဂစ်မုန်တိုင်းအပြီး ပူးတွဲအကဲဖြတ်အဖွဲ့မှ ပဏာမလေ့လာတွေ့ရှိချက်များ ဆွေးနွေးပွဲကို ကျင်းပရာ သဘာပတိအဖြစ် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ဆောင်ရွက်ပြီး သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အဖွဲ့ဝင်(အာဆီယံကိုယ်စားလှယ်) Dr.Puji Pujiono က နာဂစ်မုန်တိုင်းအပြီး ပူးတွဲအကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ကျေးရွာအုပ်စု အကဲဖြတ်ရေးအဖွဲ့ (VTA) မှ Mr.Richard Belwitt နှင့် Mr. Yves-Kim Creach တို့က ကယ်ဆယ်ရေးနှင့် ဆောလျင်စွာ ပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပျက်စီးဆုံးရှုံးမှုနှင့် ပျောက်ဆုံးမှုအကဲဖြတ်ရေးအဖွဲ့ (DALA)မှ Mr. Raja Rehan Arshad ကပျက်စီးမှုနှင့် ဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြား ဆွေးနွေးကြကာ စားပွဲဝိုင်းဆွေးနွေးပွဲ နံနက်ပိုင်း အစီအစဉ်များကို ရပ်နားသည်။

ပြန်လည်ဖြေကြား

ထို့နောက် စားပွဲဝိုင်းဆွေးနွေးပွဲ မွန်းလွဲပိုင်း အစီအစဉ်များကို မွန်းလွဲ ၁နာရီခွဲတွင် ပြန်လည်ကျင်းပရာ အစုအဖွဲ့(၂)၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် အရေးယူတုံ့ပြန်ခြင်းဆိုင်ရာ နိုင်ငံများ၏ အတွေ့အကြုံများဆွေးနွေးပွဲကို ကျင်းပရာ သဘာပတိအဖြစ် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အဖွဲ့ဝင် အာဆီယံကိုယ်စားလှယ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong ကဆောင်ရွက်ပြီး အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Mr. Heru Prasetyo နှင့် Mr. Suprayoga Hadi ၊ ထိုင်းနိုင်ငံမှ Mr.Maitree Jangkraijug၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ Mr.K.H. Masud Shiddiqui နှင့် ပါကစ္စတန် အစ္စလမ္မစ်သမ္မတနိုင်ငံမှ Lt. Gen. Nadeem Ahmed တို့က ကဏ္ဍအလိုက်အတွေ့အကြုံများကို ဆွေးနွေးကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားဆွေးနွေးကြသည်။

ဆက်လက်၍ စားပွဲဝိုင်းဆွေးနွေးပွဲ အစုအဖွဲ့(၃)၏ နာဂစ်မုန်တိုင်းအပြီး မဟာဗျူဟာမြောက်ဆောင်ရွက်ရန် အဆင့်များဆိုင်ရာ ဆွေးနွေးပွဲကိုကျင်းပရာ သဘာပတိအဖြစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့(HTF)ဥက္ကဋ္ဌ အာဆီယံ အတွင်းရေးမှူးချုပ် Dr.Surim Pitsuwan ကဆောင်ရွက်ပြီး ကုလသမဂ္ဂ လူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Danien Baker က ကယ်ဆယ်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP)ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Mr. Bishow ParaJulli ကဆောလျင်စွာ ပြန်လည် ထူထောင်ရေး ရှုထောင့်အမြင်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အာဆီယံမှ ကျွမ်းကျင်သူပညာရှင် Mr. Raja Rehan Arshad ကပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ဖြစ်ပေါ်လာနိုင်မည့် မဟာဗျူဟာများနှင့် စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့် ဆွေးနွေးကြသည်။ နာဂစ်မုန်တိုင်းအပြီး ပူးတွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ (PONJA) အစီရင်ခံဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် (အငြိမ်းစား) ဦးထွန်းမြတ်ကလည်း ပါဝင်ဆွေးနွေးသည်။

အာဆီယံအတွင်းရေးမှူးချုပ် Dr.Surin Pitsuwanမြန်မာနိုင်ငံတွင် ကျရောက်ခဲ့သည့် နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ပူးတွဲလေ့လာ သုံးသပ်ရေးဆိုင်ရာ အာဆီယံစားပွဲဝိုင်းဆွေးနွေးပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ဆွေးနွေး

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့ (ASEAN- HTF) ဥက္ကဋ္ဌ Dr. Surin Pitsuwan က သဘာပတိအဖြစ် ဆောင်ရွက်၍ တက်ရောက်လာကြသူများက နာဂစ်မုန်တိုင်းအပြီး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့နှင့် စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်း ပါဝင်ဆွေးနွေးကြပြီး ညနေပိုင်းတွင် အာဆီယံစားပွဲဝိုင်းဆွေးနွေးပွဲကို ရပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

လူနေအိမ်များ ကြည့်ရှုစစ်ဆေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့နယ် ကဒုံကနိ ကျေးရွာ၌ လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့် ပြည်သူများအတွက် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး လှူဒါန်းသည့် လူနေအိမ်များအား ဒဂုန်ဆောက်လုပ်ရေးအဖွဲ့က တာဝန်ယူဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

ရုပ်မြင်သံကြားအစီအစဉ်များ ကြည်လင်ပြတ်သားစွာ ကြည့်ရှုနိုင်ရေးအတွက် ထပ်ဆင့်လွှင့်စက် တပ်ဆင်ပြီးစီးမှုများအပါအဝင် မော်လမြိုင်ကျွန်းမြို့နယ် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ဝန်ကြီးများက မော်လမြိုင်ကျွန်းမြို့နယ် အပါအဝင် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

အနည်းစု

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က မှာကြားရာတွင် ဧရာဝတီတိုင်းအတွင်း မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးသည့် စိုက်ပျိုးမြေဧကမှာ ဧရာဝတီတိုင်းတစ်ခုလုံးနှင့် နှိုင်းယှဉ်ပါက အနည်းစုသာဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ဆုံးရှုံးသွားသည့် ကျွဲ၊ နွားများအစား လက်တွန်းထွန်စက်များဖြင့် ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ မျိုးစပါးရရှိရေး အပါအဝင် လယ်ယာကဏ္ဍအတွက် လိုအပ်သည်များကို ပံ့ပိုးပေးလျက်ရှိကြောင်း။

ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် မိမိခရိုင်၊ မြို့နယ်အလိုက် စိုက်ဧကများ အပြည့်အဝ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း တိုးတက်ရေးတို့အတွက် လိုအပ်သည်များကို ကွင်းဆင်းကြီးကြပ် ကူညီဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

အခိုင်အမာနေအိမ်

လေဘေးကြောင့် အိုးအိမ်မဲ့သွားသည့် လေဘေးသင့် ပြည်သူများအတွက်လည်း ရေရှည်နေထိုင်မည့် အခိုင်အမာနေအိမ်များကို နိုင်ငံတော်၏ ထောက်ပံ့အားပေးမှုဖြင့် သက်ဆိုင်ရာကုမ္ပဏီများ၊ စေတနာရှင်များက ဆောက်လုပ်ပေးလျက်ရှိကြောင်း။

ထို့အပြင် ကိုယ်တိုင်စိုက်ပျိုးခြင်းဖြင့် သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ စားသုံးနိုင်သည်သာမက တစ်ဖက်တစ်လမ်းကလည်း ငွေအကုန်အကျ သက်သာနိုင်သည့်အတွက် မိမိတို့အိမ်ခြံဝင်းအတွင်း ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ရေး ပညာပေးစည်းရုံးဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနေသည့် မော်လမြိုင်ကျွန်းမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မော်လမြိုင်ကျွန်းမြို့မှဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာသို့ထွက်ခွာခဲ့ကြပြီး ဘိုကလေးမြို့နှင့် ဖျာပုံမြို့တို့၏အခြေအနေများ၊ လမ်းခရီးတစ်လျှောက်ရှိ မိုးစပါးစိုက်ပျိုးရေးအတွက် ထွန်ယက်ပြီးစီးမှုနှင့် ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျုံဒါးကျေးရွာသို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးကြသည်။

လေ့ကျင့်ပျိုးထောင်

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အခြေအနေများကို မေးမြန်းကာ ဆရာ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင် သက်ဆိုင်ရာဘာသာရပ်များကို ကျွမ်းကျင်နေအောင် အစဉ်ဆည်းပူး လေ့လာကြရန်လိုကြောင်း၊ မိမိတို့၏ တပည့်များကိုလည်း ထူးချွန်ထက်မြက်သူများ ဖြစ်လာအောင်သာမက စည်းကမ်းကို လေးစားလိုက်နာတတ်သူများ၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသူများဖြစ်လာအောင် ငယ်စဉ်ကတည်းကပင် လေ့ကျင့်ပျိုးထောင်ပေးသွားကြရမှာဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများကလည်း နိုင်ငံတော်က အားထားရသည့် ထူးချွန်ထက်မြက်သူများဖြစ်အောင် ကြိုးစားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျုံဒါးကျေးရွာ၌ အိုးအိမ်မဲ့ လေဘေးသင့် ပြည်သူများအတွက် ဧဒင်အုပ်စုကုမ္ပဏီလီမိတက်က လှူဒါန်းသည့်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာ ပြည်သူများအား ကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများကို ကြည့်ရှုမေးမြန်းစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာ မူလတန်းကြိုကျောင်းတွင် ကလေးငယ်များအား စားစရာများ ဝေငှပေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

အခိုင်အမာ လူနေအိမ်များဆောက်လုပ်နေမှုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက လူနေအိမ် ဆောက်လုပ်ခြင်းလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြရာ ဒေးဒရဲမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဒေးဒရဲမြို့နယ် တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆောက်လုပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ၁၆ပေX၂၀ပေအကျယ်ရှိ အုတ်ဖိနပ်ခံ၊ ထရံကာ၊ ပျဉ်ခင်း၊ သွပ်မိုးနေအိမ်များ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြရာ ဧဒင်အုပ်စု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က လူနေအိမ် ၆၅လုံး ဆောက်လုပ်လှူဒါန်းသွားမည့် အခြေအနေများကို ရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဆောက်လုပ်ရေးလုပ်ငန်းတွင် ပါဝင်ကူညီဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလုပ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျုံဒါးကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ခရီးလမ်းတစ်လျှောက်ရှိ ဒေးဒရဲမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒလမြို့နယ်များရှိ ကျေးရွာများအခြေအနေ၊ မိုးစပါး စိုက်ပျိုးရန် ထွန်ယက်မှု၊ ပျိုးထောင်မှု၊ စိုက်ပျိုးမှုအခြေအနေများနှင့် ရန်ကုန်မြို့ ဆိပ်ကမ်းတစ်လျှောက် သင်္ဘောများ ဝင်၊ ထွက် ဆိုက်ကပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဆောက်လုပ်ပေး

လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့် ပြည်သူများအတွက် ၁၆ပေ×ပေ၂၀ အကျယ်ရှိ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ထရံကာ အခိုင်အမာနေအိမ်များကို နိုင်ငံတော်၏ ထောက်ပံ့စီမံမှုဖြင့် သက်ဆိုင်ရာကုမ္ပဏီများက တာဝန်ယူဆောက်လုပ်ပေးလျက်ရှိရာ စေတနာ အလှူရှင်များဖြစ်ကြသော ထူးထရေးဒင်း ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် နေအိမ်၁၁၆လုံးကို ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ၌လည်းကောင်း၊ ငွေဆင်ကုမ္ပဏီက အကုန်အကျခံလှူဒါန်းပြီး ဒိုင်းမွန်းမာကျူရီကုမ္ပဏီက ဆောက်လုပ်သော နေအိမ်၁၀၈လုံးကို ဘိုကလေး မြို့နယ် စက်ဆန်းကျေးရွာ၌လည်းကောင်း၊ ရွာလုံးကျွတ်ပျက်စီးသွားသည့် ကျွန်းသာယာရွာမှ အိုးအိမ်မဲ့ လေဘေးသင့် ပြည်သူများအတွက် စီဘီဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အကုန်အကျခံ လှူဒါန်းပြီး ဒဂုန်ဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်သော နေအိမ် ၁၂၄လုံးကို ဖျာပုံမြို့နယ် ကဒုံကနီကျေးရွာ၌ လည်းကောင်း၊ ဇေဒင်အုပ်စုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာဦးချစ်ခိုင်က အကုန်အကျခံ ဆောက်လုပ်လှူဒါန်းသော နေအိမ် ၆၅လုံးကို ဒေးဒရဲမြို့နယ် ကျုံဒါး ကျေးရွာ၌လည်းကောင်း စတင်ဆောက်လုပ်လျက်ရှိကြပြီး ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက နေအိမ်အလုံး ၁၀၀၀ ကို လပွတ္တာမြို့နယ် (၇)မိုင်စခန်းတွင် ဆောက်လုပ်လှူဒါန်းရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၂၄

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ ယနေ့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အလှူရှင်များ

အလှူရှင်များမှာ Mr. Albert Chou, BENWOOD International Co., Ltd. (Taiwan) က ငွေကျပ်နှစ်သိန်း၊ ကမန်မျိုးနွယ်စု တိုင်းရင်းသားများက ငွေကျပ် ၁၀သိန်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းဌာန အသီးသီးရှိ ဝန်ထမ်းများက ငွေကျပ် ၅၃၇၈၇၀၊ ဦးမောင်မောင်ဖေ နှင့် ဒေါ်ခင်စန်းဝင်း၊ သား ကျော်စွာဖေမိသားစု(စမ်းချောင်းမြို့နယ်)က ငွေကျပ် တစ်သိန်း၊ ကိုကျော်မျိုးလွင်နှင့် မယဉ်ယဉ်ဝင်း၊ ပညာဝတီအိမ်ရာ(အနောက် ရန်ကင်း)က ငွေကျပ်တစ်သိန်းနှင့် ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့ မြန်မာသံရုံးမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၄၁၀၀တို့ဖြစ်သည်။

စုစုပေါင်း

ယနေ့ လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၃၇၃၇၈၇၀နှင့် အမေရိကန်ဒေါ်လာ ၄၁၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက်မင်းလှမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇွန် ၂၄

အထက်မင်းလှမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတု နှစ်ပတ်လည် အစည်းအဝေး၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီ တွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်း ဗဟန်းဈေးအနီးရှိ မင်းလှဓမ္မရိပ်သာ ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အသက်(၈၀)ပြည့်နှင့် အထက် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများစာရင်း၊ ဝါဆိုသင်္ကန်း နှင့်အလှူငွေများကို ဇူလိုင် ၁၀ရက် နောက်ဆုံးထား၍ နီးစပ်ရာအမှုဆောင် များနှင့်ဥက္ကဋ္ဌဦးစံမြင့် ဖုန်း-၂၂၆၂၈၁၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းစိန် ဖုန်း-၅၈၀၅၇၃၊ အတွင်းရေးမှူးဦးမျိုးညွန့်ဦး ဖုန်း-၅၄၉၁၁၈၊ တွဲဖက်အတွင်းရေးမှူး ဦးလှတင် ဖုန်း-၇၂၆၈၆၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်နှင့်အဖွဲ့ဝင်များအားလက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံ၌ရောက်ရှိနေသည့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂအာရှနှင့်ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး (UN Under Secretary General and UNESCAP Executive Secretary) Ms. Noeleen Heyzer နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်၌ လက်ခံ တွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိုးဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူမြို့ ကိုင်းသောင်ကျေးရွာ၌ လေဆင်နှာမောင်းတိုက်ခတ်ပြီး ရွာလုံးကျွတ်ပျောက်ဆုံးခဲ့သည်ဟု မိုးလုံးပြည့်မုသာဝါဒီVOAက မဟုတ်မမှန်လီဆယ်လုပ်ကြံသတင်းထုတ်လွှင့်ခဲ့ ကိုင်းသောင်ကျေးရွာနေပြည်သူများ ကျန်းမာစွာနေထိုင်လျက်ရှိ

နေပြည်တော် ဇွန် ၂၄

မိုးလုံးပြည့် မုသာဝါဒီ အဆိုးမြင် အသံလွှင့်ဌာနများအနက်မှ တစ်ခုဖြစ်သော VOA အသံလွှင့်ဌာနသည် မြန်မာပြည်သူများက သတ်မှတ်ပေးထားသည့် VOA လိမ်နေသည်ဆိုသည့်အတိုင်းပင် ပြည်သူများထင်ယောင်ထင်မှားဖြစ်စေရန် အကြံဆိုးဖြင့် သတင်းမှားတစ်ပုဒ်ကို ၂၀၀၈ခုနှစ် ဇွန်၂၃ရက် ညနေပိုင်းက လီဆယ်လုပ်ကြံ ထုတ်လွှင့်သွားခဲ့သည်။

အထိတ်တလန့်

အဆိုပါသတင်းမှာ ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူမြို့ ကိုင်းသောင်ကျေးရွာ၌ မေ ၁၉ရက်က သဲများ၊ မြေကြီးများသယ်ဆောင်လာသည့် လေဆင်နှာမောင်းကြီးတစ်ခု တိုက်ခတ်ခဲ့ကြောင်း၊ ထိုလေဆင်နှာမောင်းကြောင့် တစ်ရွာလုံး အသက်ရှင်သူ မကျန်ရှိအောင် အိမ်များအားလုံးကို မြေကြီးများ ဖုံးလွှမ်းခဲ့ကြောင်း စသည်ဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေမည့် အသုံးအနှုန်းများဖြင့် ထုတ်လွှင့်သွားခဲ့သည်။

လုပ်ကြံထုတ်လွှင့်

သတင်းအမှန်မှာ ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူမြို့ ကိုင်းသောင်ကျေးရွာ၌ နာဂစ်မုန်တိုင်းဒဏ်ကြောင့် အိမ်ခြေ ၃၀၀ခန့် ပျက်စီးခဲ့ကြောင်း၊ မုန်တိုင်းကြောင့် အသေအပျောက် လုံးဝမရှိခဲ့ကြောင်း၊ မုန်တိုင်းပြီးဆုံးပြီးနောက် နိုင်ငံတော်မှ ပြန်လည်ထူထောင် တည်ဆောက်ပေးခဲ့ရာတွင် ယခုအခါ အိမ်ခြေအားလုံး ပြန်လည်တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ လက်ရှိလူဦးရေ ၃၇၄၄ဦး ကျန်းမာစွာနေထိုင်လျက်ရှိကြောင်းသိရှိရပြီး VOA က မဟုတ်မမှန် လီဆယ်လုပ်ကြံထုတ်လွှင့်ခဲ့သကဲ့သို့ ကိုင်းသောင်ကျေးရွာ၌ မေ ၁၉ရက်တွင် မည်သည့်လေဆင်နှာမောင်းမျှ တိုက်ခတ်မှုမရှိခဲ့သည့်အပြင် ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေကျေပျက်စီးမှု လုံးဝမရှိခဲ့ကြောင်း စုံစမ်းသိရှိရသည်။

ချင့်ချိန်နားထောင်

VOA သတင်းဌာနအပါအဝင် မိုးလုံးပြည့်မုသာဝါဒီ အဆိုးမြင်သတင်းဌာနများသည် မမှန်သက်သေများ၊ သက်သေအတုအယောင်များဖြင့် လီဆယ်သတင်းများ လုပ်ကြံဖန်တီးထုတ်လွှင့်လေ့ ရှိသည့်အပြင် ယခုကဲ့သို့ လုံးဝအခြေအမြစ်မရှိသည့် သတင်းမှားများကိုလည်း ထုတ်လွှင့်လေ့ရှိကြောင်း၊ ၎င်းတို့၏ထုတ်လွှင့်ချက်များကို အသိတရားဖြင့် ချင့်ချိန်နားထောင်ကြရန်လိုကြောင်း စသည်ဖြင့် ပြည်သူများအတွင်း သုံးသပ်ပြောဆိုလျက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး အိန္ဒိယသမ္မတနိုင်ငံမှဧည့်သည်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် မြန်မာနိုင်ငံ၌ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ Minister of State for Commerce and Power, H.E. Mr. Shri Jairam Ramesh အား ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ Minister of State for Commerce and Power,H.E. Mr. Shri Jairam Ramesh နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra လည်း တက်ရောက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၃ ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာ အဖွဲ့ချုပ်ရိပ်သာ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘိုကုန်း ဟိုက်ပတ်သာယာအေးလမ်း နေ ဒေါ်တင်ညွန့် မိသားစုက အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်နှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့က လက်ခံယူစဉ်။ (က-ပ)

မော်လမြိုင်ကျွန်းမြို့ ပြည်လုံးချမ်းသာဆုတောင်းပြည့်ဘုရား

ဘက်စုံပြုပြင်မွမ်းမံရန် အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၂၄

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရား ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရန်အတွက် အလှူငွေကျပ် ၃၁သိန်း ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီက ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရား တန်ဆောင်းတော်၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင် မော်လမြိုင်ကျွန်းမြို့ မြို့မ (၉) ရပ်ကွက် စံပယ်လမ်း နှင့် ဗိုလ်ချုပ်လမ်းထိပ်အမှတ် ၂၆နေ ဖခင်ကြီး ဦးသံချောင်း သုံးနှစ်ပြည့်နှင့် မိခင်ကြီးဒေါ်ခင်သွယ် ငါးနှစ်ပြည့်အား ရည်စူး၍ ကျန်ရစ်သူသားသမီး၊ မြေးမြစ် များက အလှူငွေကျပ် ၃၁သိန်းအား သားသမီးများကိုယ်စား သားဖြစ်သူ ဦးသန်းမြင့်က ပေးအပ်လှူဒါန်းရာ ပြည်လုံးချမ်းသာ ဂေါပကအဖွဲ့နာယက ဦးအောင်ဟန်နှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်ရွှေတို့က လက်ခံယူကြသည်။ **(အပေါ်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

မော်လမြိုင်ကျွန်းမြို့ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရားမှာ လေဘေးသင့်ခံရ၍ ပျက်စီးသွားသဖြင့် ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်သွားမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုပါက ဥက္ကဋ္ဌ ပြည်လုံးချမ်းသာ ဂေါပကအဖွဲ့ မော်လမြိုင်ကျွန်းမြို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၄၂)

ဓမ္မပဒတရားတော် သင်တန်းပို့ချမည်

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်းတွင် အရှင်ဣန္ဒြိယ(သျှင်မိုးဝေ) အဘိဓမ္မာဂုဏ်ထူးဆောင် သင်တန်းနည်းပြ (သာသနဓဇ ဓမ္မာစရိယ၊ သာသနကုံရဓမ္မာစရိယ)က ဇူလိုင် ၅ ရက် (စနေနေ့)မှစ၍ နံနက် ၈ နာရီခွဲမှ ၁၀ နာရီခွဲအထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နိဗ္ဗာန်လမ်းညွှန် တရားတော်ဖြစ်သော ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်လာ၊ ဓမ္မပဒတရားတော်သင်တန်းကို ဓမ္မဒါန သင်ကြားပို့ချပေးမည်ဖြစ်သည်။ မည်သူမဆို ကုသိုလ်ပြု တက်ရောက်သင်ယူနိုင်ကြောင်း သိရသည်။

(က-ပ)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး

ကွမ်းခြံကုန်းမြို့ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးကော်မတီဝင်များနှင့် တွေ့ဆုံ

ရာသီအလိုက် ထွန်ယက်စိုက်ပျိုးပြီးစီးရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇွန် ၂၄

ကွမ်းခြံကုန်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေးသည် ဇွန် ၂၁ရက်က ကွမ်းခြံကုန်းမြို့နယ် ဒေးဒနော စံပြကျေးရွာဆေးခန်း၌ အခြေပြု၍ လေဘေးသင့်ပြည်သူများသို့ ဆေးအကာအကွယ်ပေးနေသော Mr. Anh ILNam ခေါင်းဆောင်သည့် ကိုရီးယားသမ္မတနိုင်ငံ ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့ကို သွားရောက်တွေ့ဆုံအားပေးပြီး ကွမ်းခြံကုန်းမြို့ တောင်ဘက်ပိုင်း ရပ်ကွက် ဇမ္ဗူအေးလမ်း၌ နိုင်ငံတော်မှ ဆောက်လုပ်ပေးလျက်ရှိသော အိမ်ရာတည်ဆောက်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ဇာတိမာန်ခန်းမ၌ လေဘေးသင့်ပြည်သူများအား နိုင်ငံတော်မှ ထောက်ပံ့ပေးမည့်ဆန်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဇွန် ၂၂ရက် နံနက်ပိုင်းက ကွမ်းခြံကုန်းမြို့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ လေဘေးသင့် ပြည်သူများသို့ ရိက္ခာထောက်ပံ့ရေး၊ အိမ်ရာဆောက်လုပ်ပေးရေးနှင့် တောင်သူလယ်သမားများအတွက် မျိုးစပါး၊ လယ်ယာသုံးစက်ကိရိယာများနှင့် ခိုင်းကျွဲ၊ နွားများ ထောက်ပံ့ပေးရေး၊ ရာသီအလိုက် ထွန်ယက်စိုက်ပျိုးပြီးစီးရေးဆိုင်ရာကိစ္စများ ညှိနှိုင်းဆွေးနွေးမှာကြားပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာနက ကွမ်းခြံကုန်းမြို့၌ လာရောက်ဖွင့်လှစ်ရောင်းချပေးသည့် အရောင်းဆိုင်များသို့ လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရွာသစ်တည်ထောင်ရန် ရွေးချယ်ထားသော ဝါးကောက်တောကျေးရွာ၊ ဝါးမျက်ဆံကျယ်ကွင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေးဒရဲမြို့နယ် လေဘေးသင့်ပြည်သူများ အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၂၄

သရုပ်ဆောင် ဝါးခယ်မ ရဲမောင် ဦးဆောင်၍ တာမွေမြို့နယ် မေတ္တာညွန့် ရပ်ကွက် လက်ဝဲမင်းဒင်လမ်း စေတနာလူငယ်များ စုပေါင်း၍ မေတ္တာညွန့်နှင့် ကျောက်မြောင်း ရပ်ကွက်များအတွင်း အလှူခံရရှိသော ငွေ ၂၂၇၇၅၀၅ ကျပ်နှင့် အဝတ်အထည်၊ အစားအသောက် ၃၀၅ ထုပ်ကို အေးချမ်းအောင်မြင် အုတ်ခွက်ငွေကျောင်းတော် ဆရာတော်ကြီးထံ ဆက်ကပ်ပြီး**(အပေါ်ပုံ)** ဆရာတော်ကြီး မတည်ငွေကျပ် သိန်း ၂၀၊ အလှူရှင် ဒါယကာ၊ ဒါယိကာမများ၏ လှူဒါန်းငွေများနှင့် စုစုပေါင်းငွေကျပ် သိန်း ၁၀၀ ကျော်ကို ဒေးဒရဲမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများဖြစ်သည့် ရေနက်ချောင်း၊ ရွှေတောင်ကုန်း၊ လေးအိမ်တန်း၊ ကျားကုန်း၊ ဘုရားကုန်း အစရှိသည့် ကျေးရွာများမှ မိသားစု ၇၀၀ ကျော်ကို ဆရာတော်ကြီး ဦးဆောင်၍ သက်ဆိုင်ရာတာဝန်ရှိသူများ ကြီးကြပ်မှုဖြင့် ဇွန်၁၈ရက်က သွားရောက်လှူဒါန်းကြောင်းသိရသည်။ **(က-ပ)**

ဘုရင့်နောင် OK ဆန်ပွဲရုံ မရမ်းကုန်းမြို့နယ်နေ ကိုကျော်ကျော်ကိုယ်စား ဗဟန်းမြို့နယ် ဓီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ ဆေးများ လှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က-ပ)

ပရိုဗီမင်အားဆေး ရောင်းအားမြှင့်တင်ရေး ကံစမ်းမဲဖွင့်ပွဲနှင့် ညစာစားပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

ကျော်သာကုမ္ပဏီမှ ကျင်းပသော (PROVIMIN 500mg) ဆေးအရောင်းမြှင့်တင်ရေး ကံစမ်းမဲဖွင့်ပွဲနှင့် ညစာစားပွဲအခမ်းအနားကို ဇွန် ၂၂ရက် ညနေ ၆နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပသော ကျော်သာကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဒေါက်တာမင်းသိန်း**(ဝဲပုံ)**က ပရိုဗီမင်အားဆေး ထုတ်လုပ်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကိုလည်းကောင်း၊ ဒေါက်တာမီမီကိုက ပရိုဗီမင်အားဆေး၏ အစွမ်းအာနိသင်များကိုလည်းကောင်း၊ စာရေးဆရာ သတင်းစာဆရာ ဦးသာဂဒိုးက ပရိုဗီမင်နှင့်ပိစပ်၏ အသုံးဝင် အကျိုးရှိမှုကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အရောင်းကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအား ကံစမ်းမဲဖောက်၍ ဆုများပေးအပ်ချီးမြှင့်ပြီး တေးသံရှင်များ၊ မော်ဒယ်များက ဖျော်ဖြေတင်ဆက်ကြကာ ညစာဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၂၄

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ပြင်သစ်နိုင်ငံအခြေစိုက်နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှလှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၁၉ ဒသမ ၉၈၇ တန်၊ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများစုစုပေါင်း ၇၇ဒသမ၂၇၉ တန်နှင့် အမေရိကန်ပြည်ထောင်စုမှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၁၈ တန်တို့သည် ယမန်နေ့က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ရာထူးမှ နုတ်ထွက်မည်မဟုတ်ဟု အီတလီနည်းပြ ဒိုနာဒိုနီပြောကြား

ဘာဒင် (ဩစတြီးယား) ဇွန် ၂၄

အီတလီအသင်းသည် ကွာတားဖိုင်နယ်အဆင့်မှ ဆီမီးဖိုင်နယ် အဆင့်သို့ မတက်ရောက်နိုင်သော်လည်း မိမိသည် နည်းပြအဖြစ်မှ နုတ်ထွက်မည် မဟုတ်ကြောင်း၊ မိမိ၏ ကမ္ဘာ့ချန်ပီယံအီတလီအသင်းသည် ကွာတားဖိုင်နယ် ပွဲစဉ်တွင် ချန်ပီယံခြေစွမ်းပြနိုင်ခဲ့ကြောင်း အီတလီ လက်ရွေးစင် အသင်းနည်းပြ ရောဘတ်တိုဒိုနာဒိုနီ (ဝဲပုံ) က ဇွန်၂၃ရက်၌ ပြောကြားခဲ့သည်။

ဩစတြီးယားနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် ပူးတွဲအိမ်ရှင်အဖြစ်ကျင်းပသော ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ၌ အီတလီအသင်းသည် စိတ်ပျက်ဖွယ်ကောင်းအောင် ရလဒ်ဆိုးရှားပြီး စိတ်ကူးစိတ်သန်း၊ နည်းစနစ်ပိုင်းနှင့် စွမ်းအင်ပိုင်းတွင် အားနည်းကြောင်း ဝေဖန်ရေးသမားများက ပြောကြားခဲ့သည်။ အီတလီမီဒီယာများကမူ အီတလီဘောလုံးအဖွဲ့ချုပ်သည် ၂၀၀၆ကမ္ဘာ့ဖလား ဆောင်ကြဉ်းပေးခဲ့သည့်နည်းပြ မာဆယ်လိုလစ်ပီအား တာဝန်ပြန်ပေးကာ ဒိုနာဒိုနီအား နည်းပြအဖြစ်မှ ဖယ်ရှားမည်ဟု ယူဆနေကြသည်။

ဒိုနာဒိုနီနှင့် လက်ရွေးစင်အသင်း၏ နှစ်နှစ်စာချုပ်သစ်ချုပ်ဆိုထားမှုအရ ၎င်းအား ရာထူးမှထုတ်ပယ်ရေးမှာ ဖြစ်နိုင်ခြေနည်းနေသည်။ အီတလီ ဘောလုံးအဖွဲ့ချုပ်သည် လာမည့်၁၀ရက်အတွင်း ဒိုနာဒိုနီ၏ ရပ်တည်မှုကို ပြန်လည်သုံးသပ်မည်ဖြစ်ပြီး ၎င်းနှင့်လည်း ဆွေးနွေးမည်ဖြစ်သည်။ (အင်တာနက်)

ဘလက်ဘန်းနည်းပြ ပေါလ်အင့်အားခန့်အပ်ခံရ

လန်ဒန် ဇွန် ၂၄

ပေါလ်အင့်အား ဘလက်ဘန်းနည်းပြအဖြစ် ဇွန် ၂၂ရက်က တာဝန်ပေးလိုက်ပြီးနောက် ၎င်းသည် အင်္ဂလိပ်ပရီမီယာလိဂ်တွင် ပထမဦးဆုံးသော လူမည်းအင်္ဂလိပ်နည်းပြဖြစ်လာသည်။

ဘလက်ဘန်းအသင်းမှ နည်းပြ မာ့ခ်ဟုချ်ထွက်ခွာသွားပြီးနောက် ပေါလ်အင့်သည် ယင်းအသင်း၏ နံပါတ်တစ် ပစ်မှတ်ထားသည့် နည်းပြဖြစ်လာပြီး အသင်းနှင့် သုံးနှစ်စာချုပ် ချုပ်ဆိုခဲ့သည်။ အသက်၄၀ရှိ ပေါလ်အင့် **(အပေါ်ပုံ)** သည် သူ၏ပထမဆုံး ဘောလုံးရာသီ၌ အမ်ကေဒွန်အသင်းအား လိဂ်ဖလားနှစ်လုံးနှင့် ဂျွန်စတုန်းပိန့် ဖလားတစ်လုံး ရယူပေးခဲ့သူဖြစ်သည်။

(အင်တာနက်)

ရုရှားအသင်း၏ စွမ်းရည်ထက်မြက်မှု သတိထားရမည်ဟု ကာဆီးလက် သတိပေးပြောကြား

ဆဲလ်ဘတ် ဇွန် ၂၄

အီတလီအသင်းနှင့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပယ်နယ်တီနှစ်လုံးကို ကာကွယ်ပေးခဲ့သည့် ဂိုးသူရဲကောင်း ကာဆီးလက် **(အပေါ်ပုံ)** က အုပ်စုတွင်း ပြိုင်ပွဲတွင် အနိုင်ကစားခဲ့ပြီး အကြိုဗိုလ်လုပွဲ၌ ပြန်ဆုံတွေ့ကာ ယှဉ်ပြိုင်ကစားရမည့် ရုရှားအသင်းအား သတိထားရန် သူ၏ အသင်းသားများအား သတိပေးလိုက်သည်။

လက်စွမ်းပြကာကွယ်

ကာဆီးလက်သည် အီတလီအသင်းမှ ဒီရော့ဆီနှင့် ဒီနာတယ်လီတို့၏ ပယ်နယ်တီဂိုးများကို လက်စွမ်းပြကာကွယ်နိုင်ခဲ့ပြီး စပိန်အသင်းအကြိုဗိုလ်လုပွဲသို့ ရောက်အောင် ပို့ဆောင်ခဲ့သည်။

စိုးရိမ်ပူပန်မိ

မိမိတို့အသင်းသည် ရုရှားအသင်းကို အုပ်စုတွင်း၌ အနိုင်ရရှိထားခဲ့သော်လည်း ရုရှားအသင်းသည် ထူးခြားပြီး စွမ်းရည်ထက်မြက်သော အသင်းကောင်းဖြစ်သည်ကို ဆွီဒင်၊ နယ်သာလန်တို့နှင့် ယှဉ်ပြိုင်ကစားသော ပွဲစဉ်များတွင် သက်သေ ပြခဲ့ကြောင်း၊ အကြိုဗိုလ်လုပွဲတွင် ပြိုင်ပွဲအသစ် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည့်အတွက် စိုးရိမ်ပူပန်မိသောကြောင့် သတိဝီရိယနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သူ၏ အသင်းဖော်များအား တိုက်တွန်း ပြောကြားခဲ့သည်။

(အင်တာနက်)

ရှုံးပွဲမရှိသေးတဲ့ စပိန်အသင်း နောက်ဆုံးဗိုလ်လုပွဲ တက်နိုင်ပါ့မလား စပိန်ကို ရှုံးကြွေးချက်ချင်းပြန်ဆပ်ဖို့ကြိုးစားမယ့် ရုရှားအသင်း

ဘန်း ဇွန် ၂၄

ယူရို၂၀၀၈ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် စပိန်နဲ့ ရုရှားတို့ ဇွန်၂၆ရက်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်တာမို့ အကြိတ်အနယ်ရှိမယ့် ပွဲကောင်းတစ်ပွဲကို မြင်တွေ့ရတော့မှာ ဖြစ်ပါတယ်။

စပိန်နဲ့ရုရှားတို့ရဲ့ အနေအထားကို သုံးသပ်ကြည့်မယ်ဆိုရင် ရုရှားဟာ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၂၅ရှိတဲ့အသင်းဖြစ်ပြီး လက်ရှိအနေအထားမှာတော့ တစ်ဦးချင်းရော အသင်းလိုက်ပါ စွမ်းရည်ထက်မြက်နေသလို ခြေစွမ်းပြနေတဲ့ အသင်းဖြစ်ပါတယ်။

ထက်ထက်မြက်မြက်

ရုရှား အသင်းဟာ ယူရို၂၀၀၈ ဘောလုံးပြိုင်ပွဲမှာတော့ အခုအချိန်အထိ စုစုပေါင်း ခြောက်ဂိုး သွင်းယူထားနိုင်တဲ့အပြင် ပေးဂိုးက နှစ်ဂိုးပဲ ရှိပါသေးတယ်။ ရုရှား တိုက်စစ်မှူးတွေဖြစ်တဲ့ ပါလူချင်ကိုက အခု အချိန်အထိ သုံးဂိုးသွင်းထားနိုင်သလို အာရှာဗင်ကလည်း နှစ်ဂိုးသွင်းယူပေးထားနိုင်ပါတယ်။ ယူရို ၂၀၀၈မှာတော့ ဂိုးအများဆုံး သွင်းယူနိုင်တဲ့ ကစားသမားတွေထဲမှာ ပါဝင်နေသူတွေဖြစ်ပြီး တစ်ဦးချင်း ထိုးဖောက်ဂိုးသွင်းမှုနဲ့ အုပ်စုဖွဲ့ ထိုးဖောက် ကစားနိုင်မှုမှာလည်း ထက်ထက်မြက်မြက် ကစားနိုင်ကြတဲ့ သူတွေပါပဲ။

ခြေစွမ်းပြ

ရုရှားအသင်းရဲ့ နောက်တန်းဟာ ကျစ်လျစ်သိပ်သည်းပြီး တောင့်တင်းခိုင်မာတာမို့ စပိန်တိုက်စစ်မှူးတွေ အခက်အခဲတွေ့နိုင်ပါတယ်။ ရုရှားရဲ့ ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲဖြတ်သန်းလာခဲ့မှုကို ကြည့်ရင် အခုအကြိုဗိုလ်လုပွဲမှာ ထပ်မံတွေ့ဆုံရမယ့် စပိန်တို့နဲ့ အုပ်စု(ဃ)မှာ တစ်အုပ်စုတည်း ကျခဲ့ပါတယ်။ အုပ်စုပွဲစဉ်အဖြစ် စပိန်နဲ့ စတင်ကစားတဲ့အခါ စပိန်တို့က လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့တာကြောင့် ရုရှားနည်းပြ ဂူဟစ်ဒင့် မျက်နှာပျက်စရာ ဖြစ်ခဲ့ရပါတယ်။ အဲဒီနောက်မှာ ဂရိကို တစ်ဂိုး-ဂိုးမရှိ၊ ဆွီဒင်ကိုနှစ်ဂိုးပြတ်နဲ့

အနိုင်ယူပြီး ကွာတားတက်လာခဲ့တာဖြစ်ပါတယ်။ ကွာတား ဖိုင်နယ်မှာတော့ နာမည်ကြီး နယ်သာလန်ကို အံ့သြဖွယ်ရာ ခြေစွမ်းပြပြီး သုံးဂိုး-တစ်ဂိုးနဲ့အနိုင်ယူကာ အကြိုဗိုလ်လုပွဲအထိ တက်ရောက်လာခဲ့တဲ့ အသင်းဖြစ်ပါတယ်။

ရုရှားအသင်း အခုလိုအကြိုဗိုလ်လုပွဲ တက်ရောက်လာခဲ့တာဟာ နည်းပြဂူဟစ်ဒင့်ရဲ့ စွမ်းဆောင်မှုတွေအများကြီး ပါဝင်နေပါတယ်။ ဂူဟစ်ဒင့်ဟာ ပြိုင်ဘက်အသင်းတွေကို စနစ်တကျအကဲခတ်ပြီး အံဝင်ခွင်ကျတဲ့ ဗျူဟာတွေကို လိုက်ဖက်တဲ့ ကစားသမားတွေနဲ့ အစပ်အဟပ်တည့်အောင် ထည့်သွင်း အသုံးပြုခဲ့လို့ဖြစ်ပါတယ်။

ရုရှားအသင်းဟာ တဖြည်းဖြည်းနဲ့ ခြေစွမ်းပြလာတဲ့အသင်းဖြစ်ပြီး အုပ်စုပွဲမှာ စပိန်ကို ဂိုးပြတ်ရှုံးခဲ့ပေမယ့် သင်ခန်းစာကောင်းတွေကို ရယူနိုင်ခဲ့တာမို့ အခုလို အကြိုဗိုလ်လုပွဲမှာ ထပ်ပြီးရင်ဆိုင်ကြုံတွေ့တဲ့အခါ နည်းပြဂူဟစ်ဒင့် **(ယာပုံ)** ဟာ ဘယ်လိုနည်းစနစ်နဲ့ အသုံးပြုရမယ်ဆိုတာ သိထားခဲ့ပြီး ဖြစ်ပါတယ်။ ရုရှားတို့အနေနဲ့ နှစ် ၂၀အတွင်းမှာ ပထမဆုံးအကြိမ် ယူရိုအကြိုဗိုလ်လုပွဲကို တက်ရောက်လာနိုင်တဲ့အသင်း ဖြစ်ပါတယ်။

ရုရှားအသင်းမှာ ပွဲပယ်၊ ဒဏ်ရာရ ကစားသမားတွေမရှိတဲ့အပြင် စပိန်အသင်းကို ကောင်းကောင်း ယှဉ်နိုင်တာမို့ လျှော့တွက်လို့မရတဲ့ အနေအထားပါပဲ။ ရုရှား တစ်သင်းလုံး စိတ်ဓာတ်မြင့်မားနေတာမို့ စပိန်တို့ သိပ်တော့မချောင်ပါဘူး။

စိတ်ဓာတ်ရေးရာ

ဒီလိုပါပဲ နည်းပြအာရာဂိုးနက်**(ဝဲပုံ)** ရဲ့ နာမည်ကြီးစပိန်အသင်း အနေအထားကတော့ တစ်သင်းလုံးညီညွတ်မှု အပြည့်ရှိတဲ့ ကစားသမားတွေနဲ့ ဖွဲ့စည်းထားတဲ့ အသင်းဖြစ်ပါတယ်။ စပိန်အသင်းဟာ ရှေ့လယ်နောက် ညီညွတ်ပြီး ကစားအားလည်းကောင်းတဲ့ အသင်းဖြစ်ပါတယ်။ စပိန်အသင်းဟာ အုပ်စုပွဲတုန်းက ရုရှားနဲ့ ယှဉ်ပြိုင်ကစားတဲ့အခါ လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုလိုအကြို ဗိုလ်လုပွဲမှာ ရုရှားနဲ့ ထပ်ဆုံရတာဟာ စိတ်ဓာတ်ရေးရာကတော့ အသာစီးရနေတာ အမှန်ပါပဲ။

စပိန်တိုက်စစ်မှူးဒေးဗစ်ဗီလာဟာ ယူရို ၂၀၀၈မှာ လေးဂိုးသွင်းထားနိုင်လို့ အခုအချိန်အထိ ဂိုးအများဆုံးသွင်းထားနိုင်သူဖြစ်ပါတယ်။ စပိန်အသင်းရဲ့ ယူရို ၂၀၀၈ ဖြတ်သန်းမှုကိုကြည့်ရင် ရုရှားကို လေးဂိုး-တစ်ဂိုး၊ ဆွီဒင်ကို နှစ်ဂိုး-တစ်ဂိုး၊ ဂရိကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူပြီး ကွာတားဖိုင်နယ် ရောက်ရှိလာတာ ဖြစ်ပါတယ်။ ကွာတားဖိုင်နယ်မှာ အီတလီကို ပယ်နယ်တီ အဆုံးအဖြတ်ယူကာ စုစုပေါင်းလေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး အခုလို အကြိုဗိုလ်လုပွဲ တက်ရောက်လာခဲ့တာမို့ ရှုံးပွဲတစ်ပွဲမှ မရှိသေးတဲ့အသင်းဖြစ်ပါတယ်။

နောက်ဆုံးဗိုလ်လုပွဲ

စပိန်အလယ်တန်းမှာ ဒေးဗစ်ဆေးလ်ဗား၊ ဆန်နာ၊ ဇာဗီးနဲ့ အင်နီယေစတာတို့ အကုန်ကစားနိုင်မှာမို့ စပိန်ကစားကွက် ဟန်ချက်မပျက်ဘဲရှိနေမှာပါ။ နောက်တန်းမှာ ပူယိုးလ်နဲ့ မာချီနာတို့က ဗဟိုခံစစ်မှူးတွေအဖြစ် ပါဝင် ကစားကြမှာဖြစ်ပြီး ရာမို့စ်နဲ့ ကတ်ဒီဗီလာတို့က တောင်ပံတိုက်စစ်ကို ထိထိရောက်ရောက်ပံ့ပိုးပေးကြတဲ့ သူတွေဆိုတော့ စပိန်အသင်းဟာ ရုရှားကို မလှုပ်နိုင်အောင် ထိန်းချုပ်ကစားသွားမယ်လို့ နည်းပြ အာရာဂိုးနက်က ပြောကြားထားပါတယ်။ ဒဏ်ရာရ၊ ပွဲပယ် မရှိတဲ့ စပိန်အသင်းဟာ ရုရှားကို အင်အားပြည့် ကစားနိုင်ပြီး အုပ်စုပွဲမှာ ဂိုးပြတ် အနိုင်ယူခဲ့တဲ့ ခြေစွမ်းအတိုင်း စိတ်ဓာတ်အသာစီးနဲ့ကစားပြီး နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်သွားမယ်လို့ မျှော်လင့်ရပါတယ်။ ။

ပရီမီယာလိဂ်တွင် မကစား စပိန်တွင်သာ ကစားလိုဟု အာရှာဗင်ပြောကြား

ဆဲလ်ဘတ် ဇွန် ၂၄

အင်္ဂလန် ပရီမီယာလိဂ်နှင့် ဂျာမန်ဘွန်ဒက်စ်လီဂါအသင်းများ၏ ကမ်းလှမ်းမှုကို မိမိအနေဖြင့် ငြင်းဆိုရန် အဆင်သင့်ဖြစ်နေကြောင်း၊ စပိန်လာလီဂါတွင်သာ ကစားလိုကြောင်း ရုရှား တိုက်စစ်မှူး အင်ဒရီအာရှာဗင် **(အပေါ်ပုံ)**က ထုတ်ဖော်ပြောကြားခဲ့သည်။

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲတွင် ရုရှားအသင်းအား အကြိုဗိုလ်လုပွဲသို့ရောက်အောင် ပို့ဆောင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကိုဆောင်ခဲ့သူ ရုရှားနှင့် ဇင်းနစ်စိန့်ပီတာစဘတ် အသင်းတိုက်စစ်မှူး အာရှာဗင်အား ပရီမီယာလိဂ်မှ မန်စီးတီးအသင်း၊ ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့က ခေါ်ယူရန် ကြိုးစားနေသည်ဟု သတင်းများတွင် ဖော်ပြလျက်ရှိသည်။

(အင်တာနက်)

စီရိုနယ်ဒို၏ အိပ်မက်အကောင်အထည်ဖော်ရန် စကိုလာရီ ထပ်မံတိုက်တွန်း

လစ္စဘွန်း ဇွန် ၂၄

ပေါ်တူဂီနှင့် မန်ယူကွင်းလယ်ကစားသမားစီရိုနယ်ဒိုသည် မန်ယူမှ ရီးရဲမက်ဒရစ်သို့ပြောင်းရွှေ့လိုသည့်အတွက် အသင်းမှ တာဝန်ရှိသူများ၏ တရားဝင် အတည်ပြုသတင်းထုတ်ပြန်ချက်များကို ငံ့လင့်လျက်ရှိသည်။

ပြောင်းလဲမှု

လက်ရှိ ပေါ်တူဂီနည်းပြနှင့် ဇူလိုင် ၁ ရက်တွင် ချယ်လ်ဆီးနည်းပြ တာဝန်ယူမည့် စကိုလာရီက မန်ယူအသင်းအနေဖြင့် စီရိုနယ်ဒို၏ ဆန္ဒကို တားဆီးနိုင်လိမ့်မည် မဟုတ်ကြောင်း ထပ်မံသတိပေးပြောကြားမှုကြောင့် စီရိုနယ်ဒို၏ အစီအစဉ်များကို အိုးထရက်ဖို့ဒ်က သတိပြုမိခဲ့ရာ ပြောင်းလဲမှု မဖြစ်အောင် ဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း စီရိုနယ်ဒိုက ၎င်း၏ အနာဂတ်ကို ထုတ်ပြန်မည်ဟု ပြီးခဲ့သည့် သီတင်းပတ် အကုန်က ကတိပေးထားခဲ့သည်။

ဝေဖန်

ပြင်သစ်တောင်ပိုင်းသို့ သုံးပတ်ကြာ အပန်းဖြေခရီးထွက်စဉ် ယင်းကိစ္စအား ဝင်ရောက် မစွက်ဖက်ရန် ခေါင်းမာစွာ ငြင်းဆန်ခဲ့သော ဖာဂူဆန်သည် ထိုကိစ္စ၌ ဝေးဝေးနေရန် စကိုလာရီအား အနူးအညွတ် မေတ္တာရပ်ခံဖွယ်ရှိသော်လည်း စကိုလာရီကမူ ဖာဂူဆန်အား ဝေဖန်တိုက်ခိုက်ရာတွင် ကြောက်ရွံ့မှုမရှိကြောင်း ထင်ရှားနေသည်။

ပြောကြား

ရီးရဲမက်ဒရစ်တွင် ပြောင်းရွှေ့ကစားရေးသည် စီရိုနယ်ဒို၏ အိပ်မက်ပင်ဖြစ်ကြောင်း၊ မည်သည့် အခက်အခဲပင်ရှိစေကာမူ စီရိုနယ်ဒိုအနေဖြင့် သူ၏အိပ်မက်ကို ပြည့်စုံအောင် အကောင်အထည် ဖော်နိုင်မည်မှာ သေချာကြောင်း စကိုလာရီက ပြောကြားခဲ့သည်။

(အင်တာနက်)

နည်းပြဒိုမီနစ်နေရာတွင် ဒက်ချမ့်အား အစားထိုးရန် ပြင်သစ်လက်ရွေးစင်ဟောင်း ဇီဒန်းအကြံပြု

ဗီယင်နာ ဇွန် ၂၄

ပြင်သစ် ဘောလုံး အကျော်အမော် ဇီဒန်းက ပြင်သစ်လက်ရွေးစင် အသင်းအတွက် လက်ရှိနည်းပြ ဒိုမီနစ်၏နေရာကို ၁၉၉၈တွင် ပြင်သစ်အသင်းအား ကမ္ဘာ့ဖလားဆောင်ကြဉ်းပေးခဲ့သူ ဒီဒီယာဒက်ချမ့်နှင့် အစားထိုးတာဝန်ပေးရန် ဇွန်၂၄ရက်က ပြောကြားလိုက်သည်။

ရလဒ်ဆိုးရွားမှု

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲတွင် အုပ်စုအဆင့်မှပင်ထွက်ခဲ့ရသော ပြင်သစ်အသင်း၏ ရလဒ်ဆိုးရွားမှုအတွက် ဇူလိုင် ၃ ရက်၌ ကျင်းပမည့် အစည်းအဝေး၌ ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က လက်ရှိနည်းပြ ရေမွန်ဒိုမီနစ်အား နည်းပြအဖြစ်မှ ဖယ်ရှားမည်ဟု မီဒီယာများက ထင်ကြေးပေးနေချိန်တွင် ဇီဒန်း**(ယာပုံ)**က ထိုသို့ အကြံပြုခဲ့ခြင်း ဖြစ်သည်။

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးနောက် လက်ရွေးစင်အသင်းမှ အနားယူခဲ့သူ ဇီဒန်းက နည်းပြ ဒိုမီနစ်၏ အနာဂတ်သည် သူ၏ ဆုံးဖြတ်ချက် မဟုတ်ကြောင်း ပြောကြားခဲ့ပြီး အစပိုင်း၌ ထိုသို့ ထင်မြင်ချက်ပေးရန် ငြင်းဆန်ခဲ့သည်ဟုဆိုသည်။

(အင်တာနက်)

ဆုကြေးစားလက်ဝှေ့သမား အမီရ်ခန်း မနသဟာယလိုက်ဝိတ်သရဖူအား ကာကွယ်နိုင်ခဲ့

လန်ဒန် ဇွန် ၂၄

လက်ဝှေ့အကျော်အမော် အမီရ်ခန်းသည် ဘာမင်ဂမ်မြို့တွင် ဇွန်၂၃ရက်က မိုက်ကယ်ဂိုမက်ဇ်ကို အလဲထိုး၍ မနသဟာယလိုက်ဝိတ်သရဖူကို ကာကွယ်လိုက်သည်။

အသက် ၂၁နှစ်အရွယ်ရှိ ခန်းသည် ဒုတိယအချီအဖွင့်တွင် ဂိုမက်ဇ်၏ ဘယ်ဝိုက်လက်သီး ခြိမ်းခြောက်မှုကို ခံခဲ့ရသည်။

သို့သော်လည်း ခန်းက ယင်းအချီအဖွင့်၌ပင် ၎င်း၏ အားပြင်းလက်သီးချက်များဖြင့် တန်ပြန်တိုက်စစ်ဆင်ခဲ့သည်။

ပဉ္စမအချီတွင် ခန်း၏ ညာဖြောင့် လက်သီးကြောင့် ဂိုမက်ဇ်လဲကျသွားသဖြင့် ဒိုင်လူကြီးဂျွန်ကိန်းက ပွဲကိုရပ်ကာ အမီရ်ခန်းအား အနိုင်ပေးခဲ့ရသည်။ ယခုအကြိမ် လက်ဝှေ့ထိုးသတ်ပွဲသည် အမီရ်ခန်း၏ ဆုကြေးစားလောကတွင် ၁၈ ပွဲထိုးသတ်ခဲ့သည့်အနက် အပြင်းထန်ဆုံးသော လက်ဝှေ့ထိုးသတ်ပွဲဖြစ်သည်။ (အင်တာနက်)

မောင်မောင်မြင့်ဆွေနှင့် ချစ်စိုးနိုင် စုစည်းသည်

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဒေါက်တာဘရန်မိုင် သက်န်းလေးကျေးရွာရှိ လူနာများအား ဆေးဝါးကုသပေးစဉ်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ လပွတ္တာမြို့နယ် သက်န်းလေးကျေးရွာအတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပြိုလဲနေသည့် သစ်ပင်များကို ဤသို့ ဖယ်ရှားရှင်းလင်းခဲ့ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ ဆင်ခြေရာကျေးရွာအုပ်စု ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိ

သတင်းဆောင်းပါး - မျိုးညွန့် ■ ဓာတ်ပုံ - သန့်ဇင်ထွန်း(ကြေးမုံ) စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် ဇွန် ၂၄

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာအုပ်စု ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လေ့လာရန် မိမိတို့သတင်းအဖွဲ့သည် ဆင်ခြေရာကျေးရွာအုပ်စု ဥယျာဉ်ကုန်းကျေးရွာနှင့် သက်န်းလေးကျေးရွာတို့သို့ ရောက်ရှိခဲ့ကြသည်။

ဇွန် ၂၁ရက် နံနက်ပိုင်းက သက်န်းလေးကျေးရွာသို့ ရောက်ရှိရာ ကျေးရွာ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။

ဖွဲ့စည်းစေလွှတ်

မိမိတို့ သတင်းအဖွဲ့သည် အဖွဲ့ခေါင်းဆောင် ဦးရဲဝင့်နိုင်အား ၎င်းတို့၏ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းရာ ဌာနချုပ်အစီအစဉ်ဖြင့် မိမိတို့ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ် ၂၇၆ဦးကို အဖွဲ့ ခြောက်ဖွဲ့ခွဲ၍ ဖွဲ့စည်းစေလွှတ်ခဲ့ပါကြောင်း။

အဖွဲ့(၁)က လပွတ္တာမြို့နယ်လှိုင်းဘုန်းကျေးရွာ၊ အဖွဲ့(၂)က ပြင်စလူမြို့၊ အဖွဲ့(၃)က ဆင်ခြေရာကျေးရွာအုပ်စု၊ အဖွဲ့(၄)က စလူဆိပ်ကျေးရွာများမှာ အခြေပြုပြီး ကျန်အဖွဲ့(၅)က ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာနှင့် အဖွဲ့(၆) က ဘိုကလေး မြို့နယ် စက်ဆန်းကျေးရွာတို့၌ အခြေပြုပြီးကာ တည်ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်လျက်ရှိကြောင်း။



အဖွဲ့ခေါင်းဆောင် ဦးရဲဝင့်နိုင်။

ကူညီဆောင်ရွက်

မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်း ဒေသအချို့မှပြည်သူများ အခက်အခဲများကြုံတွေ့နေရသည့် အခြေအနေမျိုးတွင် မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ လူငယ်များအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ယခုကဲ့သို့ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

"မိမိတို့က အဖွဲ့အမှတ်(၃) ဖြစ်ပြီး ကချင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် စုစုပေါင်း ၄၉ဦး ပါဝင်ကာ ဆင်ခြေရာကျေးရွာအုပ်စုရှိ ကျေးရွာများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့နှင့် အတူပါဝင်သည့် ဆေးအဖွဲ့ကလည်း

ရန်ကုန်တိုင်း သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးရဲကျော်ထွေး။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးသိန်းဌေးဦး။

ကျေးရွာနေ ပြည်သူများ၏ ကျန်းမာရေးအတွက် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း" ပြောကြားသည်။

အဖွဲ့(၃)ခေါင်းဆောင်နှင့် တွေ့ဆုံမေးမြန်းနေစဉ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် လူငယ်များ သက်န်းလေးကျေးရွာ ပြည်သူများ၏ အိမ်ရာများကို ဝိုင်းဝန်းပြုပြင် ဆောက်လုပ်နေသည်ကို လှမ်းမြင်နေရသည်။

ဆက်လက်၍ ရွာလမ်းအတိုင်း လျှောက်လာခဲ့စဉ် ပြိုလဲကျနေသော သစ်ပင်ကြီးများကို ရှင်းလင်းဖယ်ရှားနေသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များအား တွေ့မြင်ရ၍ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးသိန်းဌေးဦးအား မေးမြန်းကြည့်ရာ "ဆင်ခြေရာ ကျေးရွာအုပ်စုရှိ ကျေးရွာခြောက်ရွာသို့ မိမိတို့အဖွဲ့ ရောက်ရှိပြီးဖြစ်ကြောင်း၊ ထိုကျေးရွာများ၌ လမ်းများ ပိတ်ဆို့၍ လဲကျနေသော သစ်ပင်ကြီးများ၊ အိမ်များပေါ် ပိကျနေသော သစ်ပင်ကြီးများနှင့် ယိုင်နဲ့နေသော သစ်ပင်ကြီးများကို ခုတ်ထွင်ဖယ်ရှား ရှင်းလင်းပေးခဲ့ကြောင်း။

ပူးပေါင်းပါဝင်

ရှင်းလင်းပြီး အမှိုက်များကိုလည်း စနစ်တကျထားရှိပြီး ကျေးရွာများအတွင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့ကို ပူးပေါင်းပါဝင် ကူညီပေးလျက်ရှိကြောင်း ရှင်းပြသည်။

ကုသပေးလျက်ရှိ

ထို့နောက် မိမိတို့ သတင်းအဖွဲ့သည် အဖွဲ့နှင့်အတူ လိုက်ပါလာသည့် ဆေးအကာအကွယ်ပေးအဖွဲ့က ကျေးရွာနေ ပြည်သူများ၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်ပေးမှုများကို ကြည့်ရှုလေ့လာရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာဘရန်မိုင်က ၎င်းတို့ရောက်ရှိပြီး ကျေးရွာများတွင် ကူးစက်ရောဂါဖြစ်ပွားမှု မရှိပါကြောင်း၊ သာမန် ဝမ်းလျှော ဝမ်းကိုက်လူနာ၊ တုပ်ကွေးဖျားနာလူနာ၊ ထိခိုက်ပွန်းပဲ့ပြတ်ရှ ဒဏ်ရာရရှိသော လူနာများနှင့် ငါးနှစ်အောက်ကလေး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအား နေ့စဉ် ကုသပေးလျက်ရှိကြောင်း၊ ယနေ့ထိ လူနာ ၁၇၀ ကျော်ကို ဆေးဝါး ကုသမှုပေးခဲ့ပြီးဖြစ်ကြောင်း ရှင်းပြသည်။

ယင်းနောက် ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာအဖွဲ့ဝင် တိုင်းရင်းဆေးဆရာ ဦးကျော်စိုးဦးက ၎င်းတို့ရောက်ရှိပြီး ကျေးရွာများ၌ နှာစေးချောင်းဆိုးရောဂါများနှင့် အဆစ်အမြစ်ရောင်ရောဂါများ ကုသပေးခဲ့ကြောင်းဖြင့် ရှင်းပြသည်။

ဦးစားပေးဆောင်ရွက်

ဆက်လက်၍ မိမိတို့သတင်းအဖွဲ့သည် ယင်းကျေးရွာရှိ သောက်ရေကန် တွင်နုန်းများ ဆယ်ယူနေသော အဖွဲ့မှာ ရန်ကုန်တိုင်း သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးရဲကျော်ထွေးအား မေးမြန်းရာ "၎င်းတို့အဖွဲ့ရောက်ရှိသည့်နေ့မှစ၍ ဆင်ခြေရာကျေးရွာအုပ်စုရှိ ကျေးရွာများသို့ သွားရောက်ပြီး ကျေးရွာတစ်ရွာ ရေချိုတစ်ကန် အမြန်ဆုံးရရှိရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအဆင့်အနေဖြင့် ရေငန်ဝင် ရေချိုကန်များအတွင်းမှ ရေများ စုပ်ထုတ်ခြင်း၊ ဒုတိယဆင့် အမှိုက်များနှင့်နုန်းများ ရှင်းလင်းခြင်း၊ တတိယဆင့် ရှင်းလင်းပြီး ကန်များအတွင်း ထုံးဖြူးပေးခြင်းတို့ဖြင့် ရေကန်သန့်ရှင်းရေးကို ဆောင်ရွက်ကြောင်း၊ သန့်ရှင်းပြီး ရေကန်များ၌ မိုးရေခံပြီး ရေချိုအဖြစ် အသုံးပြုနိုင်သော်လည်း ကျန်းမာရေးအတွက် သန့်ရှင်းသော သောက်ရေရရှိရန် ဆေးခပ်ပေးခြင်းများကို မိမိတို့အဖွဲ့က ဆောင်ရွက်ပေးကြောင်း။

၎င်းတို့အဖွဲ့ ကျေးရွာခြောက်ရွာ၌ ရေချိုရရှိရေး ဆောင်ရွက်ပြီးဖြစ်ရာ ယခုယင်းကျေးရွာတို့၌ သန့်ရှင်းသော သောက်သုံးရေအဖြစ် အသုံးပြုနေပြီဖြစ်ကြောင်းနှင့် အခြားလိုအပ်သော တည်ဆောက်ရေး လုပ်ငန်းများတွင်ပါ ပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း" ဖြင့် ရှင်းပြပြောကြားခဲ့သည်။ ။

သက်န်းလေးကျေးရွာရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော နေအိမ်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ ပြန်လည်တည်ဆောက်ပေးနေစဉ်။

သက်န်းလေးကျေးရွာ သောက်သုံးရေကန်ကို ပြန်လည်တူးဖော်သန့်စင်ပြီး၍ ရေချိုများ ပြန်လည်ခပ်ယူ သုံးစွဲနိုင်နေပြီ။

25-6 (12).pmd 1 6/25/2008, 2:57 AM

ရေကြီးမည်၊ လျှောင်လှုပ်မည်ဟူသောသတင်းများ မမှန်ကန် မိုးနှောင်းကာလ၌ မုန်တိုင်းဝင်ရောက်နိုင်ဖွယ်ရှိ

အမေး၊ အရေး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံတစ်ဝန်း နေရာအနှံ့အပြား၌မိုးရွာနေပြီဖြစ်သည်။ မိုးနှင့်အတူ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်သည့်ကောလာဟလသတင်းများ ကြားနေရပြန်သည်။ ရေကြီးမည်၊ မုန်တိုင်းတိုက်မည်၊ လျှင်လှုပ်မည်စသည့် သတင်းများပင်ဖြစ်သည်။ ထို့ကြောင့်ပြည်သူများစိုးရိမ်ပူပန်နေမှု၊ သံသယစိတ်ဖြင့် သို့လော သို့လော ဖြစ်နေမှုများ ရှင်းရှင်းလင်းလင်း သိရှိနိုင်ရန် ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်နှင့် သွားရောက်တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့သည်။

ကောလာဟလ

"မကြာမီကတရုတ်နဲ့ဂျပန်နိုင်ငံတွေမှာ ငလျင်လှုပ်ခဲ့တယ်။ ဒါနဲ့ဆက်စပ်ပြီး မြန်မာနိုင်ငံမှာလည်း ငလျင်လှုပ်မယ့်သတင်း ဖြစ်ပေါ်လာတာပါပဲ၊ ငလျင်လှုပ်တာကို ကြိုတင်ပြီး ဘယ်သူမှ မပြောနိုင်ပါဘူး၊ တရုတ်နဲ့ ဂျပန်နိုင်ငံတွေမှာ ငလျင်တိုင်းတာရေးစခန်းတွေ အများကြီးရှိနေပါတယ်။ သူတို့တွေ ကြိုတင်မသိနိုင်ပါဘူး၊ မြန်မာနိုင်ငံမှာတော့ အခုအချိန်အထိ ငလျင်လှုပ်မယ့်အထောက်အထားမရှိသေးပါဘူးအခုဖြစ်ပေါ်နေတာက ကောလာဟလဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ရှင်းပြသည်။

မြန်မာနိုင်ငံတွင် မြေငလျင်တိုင်းစက်များ ထပ်မံတိုးချဲ့တပ်ဆင်လျက်ရှိသည်။ တရုတ်နိုင်ငံမှ ငလျင်တိုင်းစက်များကို မြစ်ကြီးနားနှင့် နန့်ဆန်မြို့များ၌ တပ်ဆင်လျက်ရှိပြီး အာရှသဘာဝဘေးကြိုတင်ပြင်ဆင်ရေးဌာနမှပေးပို့သော ငလျင်တိုင်းစက်ကို စစ်တွေမြို့၌ တပ်ဆင်နေသကဲ့သို့ နိုင်ငံတော်က ငလျင်တိုင်းစက်များကို ဘားအံ၊နေပြည်တော်နှင့်ပြည်တို့၌တပ်ဆင်ထားလျက်ရှိကြောင်း သိရသည်။

မြစ်ရေတိုင်းကိရိယာ

"မြန်မာနိုင်ငံရဲ့ တချို့ဒေသတွေနဲ့ မော်လမြိုင်မြို့တွေမှာ ရေကြီးနိုင်တယ်ဆိုတဲ့ သတင်းတွေကလည်း မဖြစ်နိုင်ပါဘူး၊ တရုတ်မှာ ငလျင်ကြောင့်ရေအိုင်ကြီးတွေလှုပ်ပြီး ရေလျှံမှုနဲ့ မိုးသည်းထန်လို့ မြစ်ရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ပေမယ့် မော်လမြိုင်မှာ ရေကြီးမှု မဖြစ်ပေါ်နိုင်ပါဘူး။ ဒီနေ့ခေတ်မှာ နယ်ခြား ဖြတ်ကျော်တဲ့ သဘာဝဘေးတွေရှိနေပေမယ့် မဲခေါင်နဲ့သံလွင်မြစ်တွေကြောင့် ရေကြီးမှုဖြစ်လို့ ဘေးဒုက္ခရောက်တာ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ ဘားအံမှာ မြစ်ရေတိုင်းကိရိယာရှိပါတယ်။ သံလွင်မြစ်ရဲ့ လက်ရှိ မြစ်ရေဟာ မြစ်ရေတိုင်း ကိရိယာရဲ့ တိုင်းတာမှုအရ စိုးရိမ်ရေမှတ်ရောက်ဖို့ ရှစ်ပေမှ ၁၀ပေခန့်အထိ လိုနေပါသေးတယ်။ဒါကြောင့် ရေကြီးမယ်ဆိုတဲ့ သတင်းဟာ ကောလာဟလ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ဆက်လက်ရှင်းပြသည်။

"ရေကြီးမယ်၊ ငလျင်လှုပ်မယ်ဆိုတဲ့ သတင်းဟာ ကောလာဟလသာ ဖြစ်ပါတယ်" ဦးထွန်းလွင် (ညွှန်ကြားရေးမှူးချုပ်) မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

ဆုံးရှုံးမှုပိုမိုဖြစ်ပေါ်

မြန်မာနိုင်ငံ၌ မကြာမီက မုန်တိုင်း တိုက်ခတ်အပြီးတွင် သဘာဝဘေးနှင့် ပတ်သက်သည့် ကောလာဟလ သတင်းမျိုးစုံ ထွက်လာသည်။ မှားယွင်းသော သတိပေးမှုများသည် တကယ်ဖြစ်မှုထက်ဆုံးရှုံးမှုပိုမိုဖြစ်ပေါ်တတ်သည်ဖြစ်ရာသတင်းများမှန်ကန်မှု ရှိ၊မရှိကို မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနသို့ အတည်ပြုချက်မေးမြန်းရယူရန် လိုအပ်ပေသည်။

သတိထား

မြန်မာနိုင်ငံ၏ လက်ရှိရာသီဥတုအနေအထားနှင့် ပတ်သက်၍လည်း **"မြန်မာနိုင်ငံရဲ့ မိုးဦးကာလကတော့ မကြာခင်မှာ ကုန်ဆုံးတော့မှာဖြစ်ပါတယ်။ မုန်တိုင်းတိုက်ခတ်ခဲ့လို့ တစ်နိုင်ငံလုံးမှာ မုတ်သုံဝင်ရောက်တာ ပုံမှန်ဖြစ်ခဲ့ပြီး ဇွန်လကုန်အထိ မိုးပုံမှန်ရွာသွန်းမှာ ဖြစ်ပါတယ်။ မိုးဦးကောင်းတဲ့ သဘောပါပဲ။ ဇွန်လကုန်အထိ မုန်တိုင်းမဝင်ရောက်နိုင်သလို မိုးလယ်ကာလမှာလဲ မုန်တိုင်းဖြစ်နိုင်မှုနည်းပါတယ်။ဒါပေမယ့် မိုးနှောင်းကာလဖြစ်တဲ့ အောက်တိုဘာနဲ့ နိုဝင်ဘာလတွေမှာ မိုးပိုမိုရွာသွန်းနိုင်ပြီး မုန်တိုင်းလက်ကျန်တွေ ရှိနိုင်တာမို့ သတိတော့ ထားရမှာပါ"** ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

မြစ်ရေကြီးမှု

မြန်မာနိုင်ငံသမိုင်းတွင် မုန်တိုင်းတိုက်ခတ်ခဲ့မှု၏ ၄၆ ရာခိုင်နှုန်းမှာ မိုးနှောင်းကာလဖြစ်သည့် အောက်တိုဘာနှင့်နိုဝင်ဘာလများ၌ဖြစ်ကြောင်း သိရသည်။ ထို့အတူ မိုးနှောင်းကာလတွင် မြန်မာနိုင်ငံရှိ မြစ်ကြီးများ၌ မြစ်ရေကြီးမှုများဖြစ်နိုင်သဖြင့် သတိထားသင့်ကြောင်းလည်း သိရသည်။

ကြိုတင်သတိပေး

ထို့အပြင် ပင်လယ်မျက်နှာပြင်တိုင်း ကိရိယာကို သမီးလုကျွန်း၌ တပ်ဆင်ရန် နေရာရွေးချယ်ထားပြီး ဖြစ်ရာတပ်ဆင်ရန်စီစဉ်နေပြီဖြစ်သည်။ တစ်ဖန် ရာသီဥတု သတင်းများနှင့် ပတ်သက်ပြီး ဘက်စုံ သဘာဝဘေး ကြိုတင်သတိပေးမှုများကို သက်ဆိုင်ရာ ဒေသများအား မြန်မြန်နှင့် မှန်မှန် ရောက်ရှိရေး အတွက်လည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း တွေ့ဆုံမေးမြန်း ရေးသားလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံသမိုင်းတွင် မုန်တိုင်းတိုက်ခတ်ခဲ့မှု၏ ၄၆ ရာခိုင်နှုန်းမှာ မိုးနှောင်းကာလဖြစ်သည့် အောက်တိုဘာနှင့် နိုဝင်ဘာလများ၌ဖြစ်ကြောင်း သိရ။ ထို့အတူ မိုးနှောင်းကာလတွင် မြန်မာနိုင်ငံရှိ မြစ်ကြီးများ၌ မြစ်ရေကြီးမှုများ ဖြစ်နိုင်သဖြင့် သတိထားသင့်။

ဂျာမနီနှင့် တူရကီတို့ အကြိုဗိုလ်လုပွဲ နောက်ဆုံးသတင်း

ဘန်း ဇွန် ၂၄

ယူရို ၂၀၀၈ အကြိုဗိုလ်လုပွဲအဖြစ် ဂျာမနီနှင့် တူရကီတို့ ယှဉ်ပြိုင်ကစားမည့်ပွဲ၌ တူရကီဘောလုံးသမားခြောက်ဦး ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း သိရသည်။ ၎င်းကစားသမားမှာ ကွင်းလယ်ကစားသမား တွန်ကေးဆန်လီနှင့် အာဒါတူရင်၊ တိုက်စစ်မှူး နီဟက်၊ ဂွန်ဂါ၊ နောက်တန်းကစားသမား ဆာဗက်စီတင်နှင့် တူမာမီတင်တို့ဖြစ်သည်။

ပါဝင်ကစားနိုင်မည်မဟုတ်

ထို့အပြင် တူရကီကွင်းလယ်ကစားသမား ဘီလိုဇိုလူသည် ခြေထောက်ဒဏ်ရာရရှိနေ၍ ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။ အဆိုပါ ကစားသမားများမှာ ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ရာရရှိနေမှုများကြောင့်ဖြစ်သည်။

ဂျာမနီအသင်းတွင် ဒဏ်ရာရရှိနေသည့် တောစတင်ဖရင်းစ်ဒဏ်ရာသက်သာ၍ ပြန်လည်ကစားနိုင်ဖွယ်ရှိပြီး နည်းပြဂျိုးအာချင်လိုက ၄း၅း၁ အခင်းအကျင်းဖြင့် ကစားမည်ဟုဆိုသည်။ သို့သော် အကြိုက်ဆုံး ၄း၄း၂စနစ်ကိုလည်း အသုံးပြုသွား မည်ဖြစ်သည်။ ဂျာမနီအသင်းနိုင်ပွဲရပြီး ဗိုလ်လုပွဲတက်ရောက်မည်ဟု မိုက်ကယ်ဘောလက်က ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အမေရိကန်၌ တောမီးများလောင်မှုကြောင့် ဒေသခံများအား အမြန်ရွှေ့ပြောင်းပေးနေ

နယူးယောက် ဇွန် ၂၄

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မြောက်ပိုင်း သစ်တောဖုံးလွှမ်းရာဒေသတွင် ဇွန်၂၄ရက် နံနက်က မိုးကြိုးပစ်ချမှုများကြောင့် တောမီးများလောင်ကျွမ်းလျက်ရှိကြောင်း ကယ်လီဖိုးနီးယားပြည်နယ် သစ်တောရေးရာဌာနမှ သတင်းထုတ်ပြန်သည်။

ကယ်လီဖိုးနီးယားပြည်နယ်အတွင်း နေရာအနှံ့အပြား၌ မိုးရွာသွန်းမှုနှင့် မိုးကြိုးပစ်ချမှုများ ဖြစ်ပေါ်လျက်ရှိရာ ဒေသခံပြည်သူ ၅၅၀၀ ခန့်အား အလျင်အမြန် ရွှေ့ပြောင်းပေးလျက်ရှိသည်။

ယခုအခါ သစ်တောဧရိယာများ မီးလောင်ကျွမ်းနေမှုကြောင့် မီးသတ်တပ်ဖွဲ့ဝင်များကမီးငြိမ်းသတ်ရန် ကြိုးစားလျက်ရှိကြောင်း၊သစ်တောမီးလောင်ကျွမ်းမှုမှာ အနီးဝန်းကျင်၌ နေထိုင်ကြသည့် ဒေသခံတို့၏နေအိမ်များအား ခြိမ်းခြောက်လျက်ရှိကြောင်း သိရသည်။

ယူကရိန်း၌ မုန်တိုင်းတိုက်ခတ် လေးဦးသေဆုံး၊ နေအိမ်နှင့် သစ်ပင်များပြိုလဲ

အယ်ဗီး ဇွန် ၂၄

ယူကရိန်းနိုင်ငံ အနောက်ပိုင်းတွင် ဇွန်၂၄ရက် နံနက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် လေးဦးသေဆုံးပြီး သစ်ပင်များပြိုလဲကာ ဓာတ်အားလိုင်းများ ပြတ်တောက်သွားခဲ့ကြောင်း ယူကရိန်း အရေးပေါ်ဝန်ကြီးဌာန အရာရှိများက ပြောကြားသည်။

မုန်တိုင်းဒဏ် ဆိုးရွားစွာခံရသည့်မြို့မှာ အယ်ဗီးမြို့နှင့် အနီးဝန်းကျင်ဒေသများဖြစ်ပြီး နေအိမ်များပျက်စီးကာ ဒဏ်ရာရရှိသူများလည်းရှိကြောင်း ၎င်းတို့က ပြောကြားသည်။

ကယ်ဆယ်ရေးအဖွဲ့များက လမ်းမများပေါ်၌ ပြိုလဲကျနေသော သစ်ပင်များကို အမြန်ရှင်းလင်းလျက်ရှိပြီး (အပေါ်ပုံ) ဓာတ်အားပြန်လည်ရရှိရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွား နှစ်ဦးသေဆုံး၊ နေအိမ်များပျက်စီး

ဇမ်ဘိုအင်ဂါ ဇွန် ၂၄

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဇမ်ဘိုအင်ဂါမြို့တွင် ဇွန် ၂၄ရက် နံနက်ဇနာရီက မြေပြိုမှုဖြစ်ပွားရာ (ဝဲပုံ) နေအိမ်များပျက်စီးပြီး နှစ်ဦးသေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။

ဖန်ရှန်မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ယခုကဲ့သို့ မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မြေပြိုသည့်နေရာမှာ ဇမ်ဘိုအင်ဂါမြို့ တောင်ခြေအနီး၌ နေအိမ်များ တည်ဆောက်ထားသော အရပ်တွင်ဖြစ်သည်။ ပြိုကျသည့်မြေကြီးများနှင့် အပျက်အစီးများအောက်၌ ပိမိနေသူများအား မြေတူးစက်များအသုံးပြုကာ ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်လျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ဖန်ရှန်မုန်တိုင်းကြောင့် သေဆုံးသူဦးရေမှာ စုစုပေါင်း ၅၀ခန့်ရှိလာပြီဖြစ်ပြီး ခရီးသည်တင်သင်္ဘောနစ်မြုပ်မှုတွင် ပျောက်ဆုံးသူအများအပြားရှိနေဆဲဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း မိုးလေဝသသတင်း

သန်းသန်းနု ကိုးကားတင်ပြသည်

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တွင် လှိုင်းကြီးနိုင်

ရန်ကုန် ဇွန် ၂၄

ဇွန်၂၄ရက်က ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ရာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကွက်ကျားမိုးရွာခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။



ဇွန် ၂၅ရက် **(ယနေ့)**ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာနိုင်သည်။ ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းလျက်ရှိသည်။

လှိုင်းကြီးနိုင်

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ **မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။** ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

ဇွန် ၂၅ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ဖြစ်ကြောင်း ရာသီဥတုဖြစ်စဉ်ကို ကိုးကားဖော်ပြလိုက်ရပါသည်။

ဇွန် ၂၄ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်။

ကိုကိုးကျွန်း	၂ ဒသမ ၂၀ လက်မ
မိုးကုတ်၊ ကော့သောင်း	၁ ဒသမ ၅၄ လက်မ
ခန္တီး၊ ဂွမြို့	၁ ဒသမ ၄၆ လက်မ
လှိုင်လင်	၁ ဒသမ ၃၈ လက်မ
ကျောက်ဖြူ	၁ ဒသမ ၃၀ လက်မ
ပုသိမ်	၁ ဒသမ ၂၆ လက်မ

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း နေရောင်ခြည်သုံး လမ်းမီးပွိုင့်များ တပ်ဆင်ရေး ညှိနှိုင်းစည်းဝေး

မန္တလေး ဇွန် ၁၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ဇွန် ၁၁ရက်မွန်းလွဲ ၂နာရီခွဲက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသော မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း လမ်းမီးပွိုင့်များ တပ်ဆင်ခြင်းလုပ်ငန်းနှင့်ပတ်သက်သော ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။ (ယာပုံ)

မှာကြား

ရှေးဦးစွာ မြို့တော်ဝန်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း တစ်နှစ်ထက်တစ်နှစ် လူဦးရေ တိုးတက်များပြားလာသလို ယာဉ်ကြီး၊ယာဉ်ငယ်၊ဆိုင်ကယ်၊စက်ဘီးများလည်းတိုးတက်များပြားလာကြောင်း၊ လူသွားလူလာ၊ ယာဉ်သွား ယာဉ်လာများပြားသော လမ်းဆုံ၊ လမ်းမ နေရာများတွင် နေရောင်ခြည်သုံး (LED) အဆင့်မီ ဆိုလာမီးပွိုင့်များ ထားရှိပြီး ဆက်လက်၍ နေရောင်ခြည်သုံး(LED) အဆင့်မီ ဆိုလာမီးပွိုင့်များ တိုးချဲ့တပ်ဆင် ပေးသွားမည်ဖြစ်ကြောင်း မီးပွိုင့်များ အစဉ်အမြဲ ကောင်းမွန်ရေးတို့အတွက် တာဝန်ရှိသူအားလုံးက ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ဌာနခွဲမှူး ဦးမျိုးအောင်နှင့် ဌာနခွဲမှူး ဦးတင်မောင်လေးတို့က မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီနယ်နိမိတ်အတွင်း မီးပွိုင့် ၂၁ ခုထားရှိမှုနှင့် နောက်ထပ် မီးပွိုင့်အသစ်နှစ်ခု ထပ်မံတပ်ဆင်မည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မန္တလေးတိုင်းယာဉ်ထိန်းတပ်ဖွဲ့မှူးက မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း တပ်ဆင်ထားရှိသော လမ်းမီးပွိုင့်များ အခြေအနေနှင့် နောက်ထပ်တိုးချဲ့ တပ်ဆင်သင့်သော လမ်းမီးပွိုင့် နေရာများနှင့် ပတ်သက်၍လည်းကောင်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မြို့တွင်း) အတွင်းရေးမှူးက မြို့တွင်းလိုင်းပေါင်းစုံ ယာဉ်များပြေးဆွဲမှု၊ စည်းကမ်းထိန်းသိမ်း ဆောင်ရွက်မှုများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ တက်ရောက်လာကြသူများက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအတွက် လမ်းမီးပွိုင့်များ တပ်ဆင်ခြင်း လုပ်ငန်းများနှင့် ပတ်သက်၍အကြံပြုဆွေးနွေးချက်များအပေါ် မြို့တော်ဝန်ကပြန်လည်ရှင်းလင်း ဖြေကြားကြောင်း သိရသည်။ (၃၁၃)

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ သုခလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇွန် ၉ရက်က လက်ထောက် အင်ဂျင်နီယာ (မြို့ပြ) ဦးခင်မောင်ဌေးနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်မြင့်မြင့်အေးတို့ ကြီးကြပ်ပေးစဉ်။ (တိုင်းစည်ပင်)

လေဘေးသင့်ပြည်သူများသို့ ဆန်လှူဒါန်း လုပ်ငန်းခွင် ဝင်ရောက်တော့မည်ဖြစ်၍ ကျွဲ၊ နွားနှင့် မျိုးစပါးများ ပေးပို့ရန်စီစဉ်

ပေါင်းတည် ဇွန် ၁၅

ပေါင်းတည်မြို့ စေတနာရှင်များမှ လေဘေးသင့်မြို့နယ်များသို့ ပေးပို့လှူဒါန်းရန်အတွက် ပထမအကြိမ် ဆန်အိတ် ၃၀၀၊ ဒုတိယအကြိမ် ဆန်အိတ် ၁၅၃အိတ်နှင့် အဝတ်အထည်များကို သက်ဆိုင်ရာ ကယ်ဆယ်ရေး ဗဟိုကော်မတီများသို့ ပေးပို့လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် လေဘေးသင့်မြို့နယ်များ လုပ်ငန်းခွင်ဝင်ချိန်ရောက်ကြတော့မည်ဖြစ်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် လူမှုရေးအဖွဲ့အစည်းများက အဝတ်အထည်၊ အိုးခွက်ပန်းကန်၊ စောင်၊ ခြင်ထောင်များအပြင် ကျွဲ၊ နွား ၁၃ကောင် ဝယ်ယူထားရှိပြီး တောင်သူလယ်သမားကြီးများအတွက် မျိုးစပါးတင်း ၁၅၀၀ကိုပါ ပေးပို့ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ (ဝ၅၄)

သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့တွင်းမင်းလမ်းမဘေး ဝဲယာတစ်လျှောက် အမှိုက်များရှင်းလင်းဆောင်ရွက်ခြင်းကို ဒုတိယဦးစီးမှူး (သန့်)ဦးအုန်းသန့် ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် နှောကုန်း-ပေါင်းတမော့လမ်း ကျေးလက်ကျောက်ချောလမ်းအတွက် ကျောက်စုဆောင်းထားရှိမှုကို မေ ၂၉ရက်က အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာများ လုပ်ငန်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာ၌ ကရဝိက်ဖောင်တည်ဆောက်ရေး ညှိနှိုင်း

မိတ္ထီလာ ဇွန် ၁၄

မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် မြို့မရပ်ကွက်ရှိသမိုင်းဝင် ဖောင်တော်ဦး စေတီတော်၌ ကရဝိက်ဖောင်တော်တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေး အခမ်း အနားကို ဇွန် ၁၁ရက် ညနေ ၄နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်ခင်မောင်ဌေး၊ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ခရိုင်၊မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖောင်တော်ဦးဘုရားဂေါပကအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အကြံပြုဆွေးနွေး

အခမ်းအနားတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်ခင်မောင်ဌေးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်သန်းက ကရဝိက်တန်ဆောင်းတော် တည်ဆောက်ရေးအတွက် ရှင်းလင်းတင်ပြရာ မြို့မိ မြို့ဖများကိုယ်စား ဦးကျော်အေး(ကျော်-ကားပစ္စည်း)က အကြံပြုဆွေးနွေးတင်ပြကြောင်း သိရသည်။

(ဝ၇၈)

သက်ကြီးသဘင်ပညာရှင်ကြီးများအား ရေဦးမြို့၌ပူဇော်

ရေဦး ဇွန် ၁၀

ရေဦးမြို့နယ် သဘင်ပညာရှင်ကြီးများ အစည်းအရုံး၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ဆဋ္ဌမအကြိမ်မြောက် သက်ကြီးသဘင်ပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို ဇွန် ၁ ရက် နံနက် ၁၁ နာရီက မြသီတာခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးစိန်လင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်မောင်က တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် သက်ကြီးပူဇော်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သက်ကြီးသဘင်ပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကျင်းပရာ တက်ရောက်လာကြသည့် မြို့နယ်သဘင်ပညာရှင်များက အသက် ၇၅နှစ်အထက် သက်ကြီးသဘင်ပညာရှင်ကြီး ၁၁ဦးအား စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၁၈၀၀ရှိ ငွေနှင့်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။(ဝဲပုံ)

ဖျော်ဖြေ

ဆက်လက်၍ မြို့နယ်သဘင်ပညာရှင်များက တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအား အဆို၊ အက၊ အိုးစည်၊ ဆိုင်းဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ညပိုင်းတွင် အဆို၊ အက၊ စာဟော၊ ကွက်စိပ်၊ ဆိုင်း၊ အိုးစည်၊ အငြိမ့်ခန်းများဖြင့် ကပြဖျော်ဖြေကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ လားရှိုး၌ကျင်းပ

လားရှိုး ဇွန် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)သူနာပြု၊ သားဖွားအသင်းနှင့် Mo Asia Co.,Ltd-Dumex တို့ ပူးပေါင်းကျင်းပသော International Nurses'Day and Building Better People Seminar အခမ်းအနားကို မေ ၂၉ရက် မွန်းလွဲ ၁နာရီက လားရှိုးမိုတယ်၌ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး(သူနာပြု) ဒေါ်နန်းခမ်းမှတ်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယနည်းပြ ဒေါ်နန်းမွန်းလောဝ်က Primary Health Care အကြောင်းဟောပြောပြီး Mo Asia Co.,Ltd-Dumex မှ ဒေါက်တာ သက်နွယ်အုံးက Roles of Oligosaccharides in Breast Milk for Immunity အကြောင်း ဟောပြောသည်။

ထို့နောက် Mo Asia Co.,Ltd-Dumex မှ လားရှိုး သူနာပြုနှင့်သားဖွားအသင်းသို့ အလှူငွေကျပ် ၅၀၀၀၀လှူဒါန်းပြီး လက်ဆောင်ပစ္စည်းများပေးအပ်ရာ အသင်းဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး(သူနာပြု) ဒေါ်နန်းခမ်းမှတ်နှင့် ဒုတိယနည်းပြ ဒေါ်နန်းမွန်းလောဝ်တို့က လက်ခံယူကြသည်။ ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော သူနာပြုဆရာမများက အမြင်အာရုံကောင်းမှုနှင့် ဉာဏ်ရည်ထက်မြက်မှု ကစားနည်းများဖြင့် ပျော်ရွှင်စွာကစားကြသည်။ **(ပြည်နယ် ပြန်/ဆက်)**

နေပြည်တော်ပျဉ်းမနား ရွာကောက်မြို့သစ်ရပ်နေ ဦးမြင့်ကို-ဒေါ်မြင့်မြင့်သန်းမိသားစုက ရွှေကုက္ကားကျောင်းတိုက်အတွင်း တည်ဆောက်မည့် ဓမ္မာရုံကျောင်းတော်ကြီးအတွက် မတည်အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဂေါပကအဖွဲ့နာယက ဦးအောင်သောင်းက လက်ခံယူစဉ်။ (က-ပ)

တောင်ကြီးမူးယစ်(အထူး)အဖွဲ့ ရဲတပ်ဖွဲ့ဝင် မိသားစုများ ပညာသင်စရိတ်ထောက်ပံ့

တောင်ကြီး ဇွန် ၂၀

၂၀၀၈-၂၀၀၉ခုနှစ် အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ တောင်ကြီး မူးယစ် (အထူး)အဖွဲ့မှ ရဲတပ်ဖွဲ့ဝင် မိသားစုများ၏သားသမီး၆၂ဦး တို့အားပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၇ရက်ကတောင်ကြီး မူးယစ်(အထူး) အဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

တောင်ကြီးမူးယစ် (အထူး)အဖွဲ့ကြီးကြပ်သူ အရာရှိ ရဲမှူး ခင်မောင်လွင်က ပညာသင် စရိတ် ထောက်ပံ့ရခြင်းကို ရှင်းလင်းပြောကြားပြီးတက္ကသိုလ် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ခြောက်ထောင်၊ အထက်တန်း ကျောင်းသားတစ်ဦးလျှင်ငွေကျပ် ငါးထောင့်ငါးရာ၊ အလယ်တန်း ကျောင်းသားတစ်ဦး လျှင် ငွေကျပ်လေးထောင်နှင့် မူလတန်းကျောင်း သားတစ်ဦးလျှင်ငွေကျပ် သုံးထောင်နှုန်းဖြင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။ (က-ပ)

ရန်ကင်းပြည်သာယာ(တာမွေလေးသံလမ်းအနီး)ရွှေပြည်ဟိန်းဆရာတော်ဦးဆောင်လျက်ရှိသော လေဘေးသင့်ဒေသများ ကျန်းမာရေးအလှူအတွက် ကရင်ပြည်နယ် မယ်တော်ရွာမှ ဒေါ်ဝင်းနှင့် အလှူရှင်များက ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ဆေးပစ္စည်းတို့ကို လှူဒါန်းရာ မေ့ဆေးပါမောက္ခ ဒေါက်တာ အောင်မြတ်သွင်က လက်ခံယူစဉ်။ (၁၁၇)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား သီပေါမြို့၌ ဂုဏ်ပြုပူဇော်

သီပေါ ဇွန် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ရေတော်ဘုန်းတော်ကြီးကျောင်းတိုက်ဦးစီးပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝါသဝအရှင်သူမြတ်အား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ရရှိခြင်းအတွက် မြို့နယ်သူမြို့နယ်သားများ၏ ဂုဏ်ပြုချီးကျူးပူဇော်ပွဲကို ဇွန် ၄ရက် မွန်းတည့် ၁၂နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကာဆရာတော်သံဃာတော်အရှင်သူမြတ်တို့က မေတ္တသုတ်ပရိတ်တရားတော်များရွတ်ဖတ်သရဇ္ဈာယ်ပြီး နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးသန်းလှိုင်က ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်(**ယာပုံ**)က မြို့နယ်ပြည်သူလူထု၏ ချီးကျူးပူဇော်ဂုဏ်ပြုလွှာကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှစိန်က စေတနာရှင်များလှူဒါန်းသော လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း ဘွဲ့ရဆရာတော် ဘဒ္ဒန္တဝါသဝအရှင်သူမြတ်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်ကြည်က သာသနာရေးဆိုင်ရာ များကို လျှောက်ထားပြီး နမ့်လန်ကျောင်းတိုက်ဆရာတော် ဦးဥတ္တမသာရအရှင်သူမြတ်ထံမှ အနုမောဒနာတရားကို နာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖလမ်းမြို့၌ ခြင်စည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ဖလမ်း ဇွန် ၁၉

ဖလမ်းမြို့အဝင် ကလေး-ဖလမ်း ကားလမ်းဘေးကြိုဆိုပါ၏ဆိုင်းဘုတ်အနီးတွင် ခြင်စည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို ဇွန် ၁၄ ရက် နံနက် ၈နာရီကကျင်းပသည်။

ပေးအပ်

အခမ်းအနားသို့ ဖလမ်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်စည်တက်ရောက်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဖွဲ့များမှ တာဝန်ရှိသူများအား ခြင်စည်းရိုးကြက်ဆူပင်များ ပေးအပ်သည်။

စုပေါင်းစိုက်ပျိုး

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးဆောင်၍ ခြင်စည်းရိုးကြက်ဆူပင် စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက ခြင်စည်းရိုးကြက်ဆူ ၃၀၈ပင်နှင့် မျိုးစေ့နှစ်ပြည်တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇွန် ၃ရက်က မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့သို့အမှတ် ၇၈/၇၊ ပုလဲလမ်း သုဝဏ္ဏ(၂၄)ရပ်ကွက်နေ ဒေါ်အေးကြည်၊ သား ကိုမျိုးဇင်(ခေတ္တ-ကနေဒါ)တို့က ဖခင်ကြီး ဦးလှသန်းအားရည်စူး၍ ဟိတေသီအဖွဲ့၏ နှစ်ထပ်ခန်းမဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဟိတေသီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နှင့် အမှုဆောင်အဖွဲ့ဝင်များ လက်ခံယူစဉ်။ (က-ပ)

အမြို့မြို့အနယ်နယ် သတင်းများ

သက်ကြီးရွယ်အို အဘိုးနေအိမ် ပြုပြင်ဆောက်လုပ်ပေး

ရေဦး ဇွန် ၂၀

ရေဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်စန်းစန်းထွေးနှင့်အဖွဲ့သည် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပူးပေါင်း၍ ရေဦးမြို့ အောင်မင်္ဂလာ ရပ်ကွက်နေ ခိုကိုးရာမဲ့ အသက်၈၄နှစ်ရှိအဘိုး ဦးသန်းမောင်၏ ပျက်စီးယိုယွင်းနေသော နေအိမ်ကို အသစ်ပြုပြင် တည်ဆောက်ပေးခဲ့ရာ စုစုပေါင်း တန်ဖိုး ငွေကျပ်၂၃၆၀၀၀ အကုန်အကျခံ၍ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ ဇွန် ၁၁ရက်က သက်ကြီးအဘိုး ဦးသန်းမောင်အား နေအိမ်တစ်လုံး ဆောက်လုပ်ပေးပြီး လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ကြို့ပင်ကောက်မြို့နယ် ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ဖွင့်

ကြို့ပင်ကောက် ဇွန် ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် မှန်ပင်ထူးအုပ်စု ကြခတ္တန်းကြီးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းက ကျောင်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းနှင့် ကျောင်းအကျိုးဆောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ဒေသခံပြည်သူများက ကျောင်းအတွက် ငွေကျပ် ၂၇၅၅၀၀၀ကို လည်းကောင်း၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးလှဝင်း(လှဝင်းကြို့ပင်ကောက်)က ကျောင်းစာကြည့်တိုက်အတွက် ဂျာနယ်မျိုးစုံ အုပ်၅၀ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာတာဝန်ရှိသူများက လက်ခံယူကြကြောင်း သိရသည်။ **(ဝ၄ဝ)**

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မောင်တော-ကျီးကန်ပြင်(မြောက်ပိုင်း)တံတားအမှတ်၁စကို ရာသီမရွေးယာဉ်များသွားလာနိုင်ရေးအတွက် ပြုပြင်မွမ်းမံမှုကို ဇွန် ၄ရက်က အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းရန်နိုင်သူတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မိုးမောက်မြို့၌ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

မိုးမောက် ဇွန် ၁၈

ကချင်ပြည်နယ်မိုးမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဇွန်၁၂ရက်ကမြို့ဝင်ဆိုင်းဘုတ်အနီးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများ စုပေါင်း၍ ပန်းအလှပင်များ ပုံဖော်ခြင်းနှင့် စိုက်ပျိုးခြင်းတို့ကို အမှုဆောင်အရာရှိ ဦးတင်မောင်ထွေး ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျွန်းလှမြို့နယ် မော်ကယ်ကျေးရွာ အလယ်တန်းကျောင်းခွဲဖွင့်

ကျွန်းလှ ဇွန် ၁၂

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် မော်ကယ်ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲဖွင့်ပွဲ အခမ်းအနားကို ဇွန် ၅ရက်က ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲဆိုင်းဘုတ်ကို မြို့နယ်ပညာရေးမှူး ဒေါ်တင်ဝင့်၊ ကျေးရွာဥက္ကဋ္ဌဦးမြင့်ဦးနှင့် ကျောင်းအုပ် ဦးဘိုတင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အခမ်းအနားကို အခြေခံပညာ အလယ်တန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်း သီဆိုဖွင့်လှစ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်ဝင့်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်သိန်းဦးတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ဟွန်ဒါမြန်မာကုမ္ပဏီမှ လှူဒါန်းသောငွေကျပ် ခုနစ်သိန်းတန်ဖိုးရှိ ကွန်ပျူတာတစ်စုံနှင့် ဝေလုံရေန်မြေမှ လှူဒါန်းသော ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ ရုပ်မြင်သံကြားပြစက်နှင့် အပေါ်စက်အောက်စက်ကို ကျောင်းအုပ် ဦးဘိုတင့်က လက်ခံယူသည်။

ထို့နောက် နွေရာသီ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းတွင် ဆုရရှိသူများအား အောင်လက်မှတ်ကို ကျောင်းထိုင်ဆရာတော် ဦးတေဇောဘာသ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်နှင့်တာဝန်ရှိသူများက ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သီပေါမြို့နယ်၌ဖွင့်

သီပေါ ဇွန် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် ကောင်းခံကျေးရွာအုပ်စု ခေးနင်းကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားကို မေ၂၄ရက် နံနက်၉နာရီက အဆိုပါခေးနင်းကျောင်းတိုက်၌ ကျင်းပရာ သီပေါမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမိလိန္ဒ၊ သီပေါမြို့နယ်သံဃနာယကအဖွဲ့ဝင် မြို့နယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ဘဒ္ဒန္တဉာဏောဘာသ ခေးနင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီရိန္ဒနှင့် သံဃာတော်များ ကြွရောက်တော်မူပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းလှမောင်နှင့် အဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဆရာတော်တို့က ရှင်းလင်းမိန့်ကြားတော်မူပြီး မြို့နယ်ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တမိလိန္ဒ၊မြို့နယ်ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဆရာတော် ဘဒ္ဒန္တဉာဏောဘာသနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းလှမောင်တို့က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသစ်ကို ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး
ဆင့်ပွားသင်တန်း မုံရွာမြို့၌ဖွင့်

မုံရွာ ဇွန် ၁၄

မုံရွာခရိုင် မုံရွာမြို့နယ် ညောင်ဖြူပင်ကျေးရွာ ဘဝအလင်းရောင်စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းအမှတ်စဉ် (၆/၂၀၀၈)ဖွင့်ပွဲအခမ်းအနားကို ဇွန် ၇ရက် နံနက် ၉ နာရီက ညောင်ဖြူပင်ကျေးရွာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးကြည်လင်းက အဖွင့်အမှာစကားပြောကြားပြီး မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေက စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းဆွေက စာကြည့်တိုက်ပညာရပ်များ သင်ကြားခြင်းကို ဆောင်ရွက်သည်။

တက်ရောက်

အဆိုပါ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း အမှတ်စဉ်(၆/ ၂၀၀၈) ဖွင့်ပွဲသို့ မုံရွာမြို့နယ် ညောင်ဖြူပင်ကျေးရွာ၊ မရိုးကုန်းကျေးရွာနှင့် ချောင်းကောက်ကျေးရွာများမှ သင်တန်းသူ သင်တန်းသား ၃၅ဦး တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော တိုးချဲ့လမ်းသွယ်(၁)ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို မေ ၂၄ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကြေးပိဋကတ်တော်အတွက် ငွေများလှူဒါန်း

ရန်ကုန် ဇွန် ၂၄

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင်ပဋ္ဌာနပါဠိတော်ကျမ်း(ဒု-တွဲ) အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ ဦးသိန်းလွင်အားရည်စူး၍ အမှတ်၇၅ ၃၁လမ်း ပန်းဘဲတန်းနေ ဒေါ်စိန်ထွေးနှင့် သားသမက်ဆရာဒိုး-ဒေါ်ခင်စန်းစန်း(သမီး)မိသားစုက ကြေးပြားခြောက်ချပ်၊ အမှတ် (B/၁၃၀) သဇင်၃လမ်း FMI City လှိုင်သာယာနေ ဦးဝင်းကြည်-ဒေါ်မြင့်မြင့်၊ သမီး မနှင်းအိဝေက ကြေးပြားငါးချပ်၊ အမှတ် ၈၄/B ဆရာစံလမ်းသွယ် ဗဟန်းနေ ဦးအေးထွန်း-ဒေါ်အေးအေးသန့်၊ သား မောင်ဇေယျာထွန်း၊ မောင်ကြည်မင်းဟန်၊ တိုက် ၅၈-၆၀ ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်နေ ဒုတိယဗိုလ်မှူးကြီးစန်းလွင်-ဒေါ်မြမြခိုင်တို့က ကြေးပြားနှစ်ချပ်၊ အမှတ် ၄၅ အောင်သပြေလမ်း ပေါက်တောရပ်ကွက် အင်းစိန်နေ ဦးသာမြကျော်-ဒေါ်အောင်မြစိန်၊ သမီး မမြချိုချို၊ မမြအေးဝေ၊ ခင်ပွန်းဦးမင်းအောင် အားရည်စူး၍ တိုက်၈ အခန်း ၄-ခ မင်းလမ်း စမ်းချောင်းနေ ဇနီးဒေါ်မြဦး၊ သမီး မခိုင်သစ္စာ၊ မခိုင်ဆုဝေ၊ သား မောင်အောင်မင်းထက်၊ အမှတ် ၁၁၇ တက္ကသိုလ်ရိပ်သာလမ်း ကမာရွတ်နေ ဦးတင်စိုးလွင်-ဒေါ်ကေသီရှိန်၊ သမီး မအင်ကြင်းဆုလွင်၊ အမှတ် ၅၀၆-၅၀၈ မိုးကုတ်လမ်း ၂၃ရပ်ကွက် ဒဂုံမြို့သစ် (တောင်ပိုင်း)နေ ဦးကျော်တင်-ဒေါ်ခင်သက်မော်၊ အမှတ် ၁၁/၂၃၁ ဟံသာဝတီလမ်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)နေ ဦးစံလှမောင်-ဒေါ်ရွှေအိမ်သူ၊ အမှတ်၅၃၅ မေတ္တာလမ်း ဝါယာလက် မင်္ဂလာဒုံနေ ဦးစံဝင်း-ဒေါ်ခင်ခင်စန်း၊ အမှတ် ၁၅/၅က စောလဘော်လမ်း ဘောက်ထော် ရန်ကင်းနေ ဦးစိုးသိန်း-ဒေါ်လှတင့်၊ ဗိုလ်မှူးသောင်းဝင်း-ဗိုလ်ကြီးဒေါ်စိုးစိုးတင့်၊ ဗိုလ်ကြီးခင်မောင်စိုး-ရဲအုပ်ဒေါ်ခင်မာအေး၊ ဗိုလ်မှူးဝင်းမြင့်ဇော်(ငြိမ်း)-ဗိုလ်မှူးစိုးစိုးမြင့် (ပါရဂူ-ဓာတ်မှန်)၊ အမှတ်(၄၆) ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းနေ မောင်ဖုန်းမင်းခန့်၊ အမှတ်(၁၅/ဂ) မာလာမြိုင်လမ်း ဘောက်ထော် ရန်ကင်းနေ ဦးဘသန်း-ဒေါ်ကြည်ကြည်၊ ညီမဒေါ်ညွှန့်ညွှန့်၊ အမှတ်(၁၅/ဂ) မာလာမြိုင်လမ်း ဘောက်ထော် ပြည်သာယာရိပ်သာ ရန်ကင်းနေ ပါမောက္ခ ဦးတင်စံ-ဒေါက်တာနုနုခင်၊ သမီး မဝင့်ရည်ထွန်း၊ သားကြီး မောင်အောင်ဘုန်းမြင့်၊ သားငယ် မောင်ဟန်ဘုန်းတင့်၊ အမှတ် (၁၅/ဂ) မာလာမြိုင်လမ်း ဘောက်ထော် ပြည်သာယာရိပ်သာ ရန်ကင်းနေ မဝင့်ရည်ထွန်း၊ အမှတ်(၄၆) ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းနေ ဦးခင်မောင်ညွန့်-ဒေါ်ခင်မေသွယ်၊ သား မောင်ဖုန်းမင်းခန့်၊ အမှတ် ၁၉/B သုခိတာလမ်း ၁၅ရပ်ကွက် ရန်ကင်းနေ ဒေါ်ညိုညို(ခ)ဒေါ်ညိုကြိုင်လှ၊ အမှတ်(၄၆၅) မာဃ ၁၅ လမ်း ၁၂ရပ်ကွက် တောင်ဥက္ကလာပနေ ဦးမောင်မြသာ(ခ)ဦးခေါင်းကြီး-ဒေါ်ပိုးဖြူ၊ ဖခင်ဦးရွှေသာ-မိခင်ဒေါ်မြစိန်တို့အားရည်စူး၍ အမှတ် (၁၉/B) သုခိတာလမ်း ၁၅ရပ်ကွက် ဘောက်ထော် ရန်ကင်းနေ ကိုထွန်းထွန်း-မသန်းသန်းနု၊ သမီး မအေးအေးစိန်၊ သားမောင်ဝင်းထွန်းအောင်၊ အမှတ် ၃၈ မအူပင်လမ်း စမ်းချောင်းနေ ဒေါ်တင်တင်တို့က ကြေးပြားတစ်ချပ်စီ လှူဒါန်းကြကြောင်း သိရသည်။

(က-ပ)

ကျိုင်းလပ်မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်ရှိ ပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေဂါလန် ၄၅၀၀၀ဆံ့ အမှတ်(၁)ရပ်ကွက် ရေဝေကန်မှရေများ နေ့စဉ်ဖြန့်ဖြူးပေးလျက်ရှိရာ ရေဝေကန်အတွင်း ရေများစုဆောင်းရရှိမှုနှင့် ရေကန်ပတ်ဝန်းကျင်သန့်ရှင်းစေရေးအတွက် အဖွဲ့ဝန်ထမ်းများ ချုံနွယ်ပေါင်းမြက်များရှင်းလင်းခြင်းကို မေ၂၇ရက်က မြို့တာဝန်ခံ ဦးအောင်ရွှေ ကြီးကြပ်ပေးစဉ်။

(နယ်စပ်/စည်ပင်)

ကန့်ဘလူမြို့၌ အခြေခံယဉ်ကျေးမှု သင်တန်းဆင်း

ကန့်ဘလူ ဇွန် ၆

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် သင်ပန်းတောကျေးရွာအုပ်စု သင်ပန်းတောကျေးရွာ တေဇိန္ဒသာသနာ့ဥယျာဉ်ကျောင်းတိုက်တွင် တတိယအကြိမ်မြောက် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၃၀ရက်က ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းနည်းပြဆရာတော် ဦးသီရိပဝရ (သာသနဓဇ ဓမ္မာစရိယ)က သင်တန်းတွင် ပထမဆုငွေကျပ်၂၀၀၀၊ ဒုတိယဆုငွေကျပ် ၁၅၀၀၊ တတိယဆုငွေကျပ် ၁၀၀၀တို့ ချီးမြှင့်ပြီး ဖွဲလုံ့လ ဆုရရှိသူများအား ဘောပင်၊ ဗလာစာအုပ်များချီးမြှင့်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ဇွန် ၅ရက်က အောင်လံမြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းသက်သာ ဟင်းသီးဟင်းရွက်စိုက်ခင်းမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များကို အမှုဆောင်အရာရှိ ဦးသက်အောင်က အဖွဲ့ဝန်ထမ်းများအား ဝေငှပေးစဉ်။ (မြို့နယ်စည်ပင်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

*** ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။**

*** လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။**

★ မိုးလုံးပြည့် မသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ပြင်စလူမြို့ ကိုင်းသောင်ကျေးရွာ၌ ကျောင်းများဖွင့်လှစ်သင်ကြားလျက်ရှိ

ရန်ကုန် ဇွန် ၂၄

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူမြို့ ကိုင်းသောင်ကျေးရွာ အခြေခံပညာ တွဲဖက်အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းတို့ကို ဇွန် ၁၆ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ မူလတန်းကျောင်းသား ကျောင်းသူ ၃၄၅ ဦးနှင့် အလယ်တန်းကျောင်းသား ကျောင်းသူ ၁၄၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၈၅ ဦးတို့ ပညာသင်ကြားလျက် ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

လေဘေးသင့် ကယ်ဆယ်ရေးပစ္စည်းများ မော်လမြိုင်ကျွန်းမြို့နယ်သို့ ထပ်မံရောက်ရှိ

ရန်ကုန် ဇွန် ၂၄

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများသို့ ဖြန့်ဝေရန် ထောက်ပံ့ရေးပစ္စည်းများ အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ဆောင်၊ မြက်ဖျာ၊ ရေသန့်၊ မုန့်မျိုးစုံ၊ အဝတ်အထည်၊ ကြက်သွန်နီ၊ လူသုံးကုန်များ၊ မီသားစုသုံးပစ္စည်းများ၊ ပဲ၊ ဆပ်ပြာ၊ဖိနပ်၊ ဆေးဝါးပစ္စည်းအမျိုးမျိုး၊ ငါးဖမ်းပိုက်၊ ငါးသေတ္တာ၊ ဆီ၊ စည်သွတ်ပြောင်းဖူး၊ ကြက်ဆန်ပြုတ်၊ ခေါက်ဆွဲ၊ ဓာတ်မီး၊ ဒီဇယ်မီးဖို၊ အလှူကုန်၊ ပလတ်စတစ် ခြင်လုံဆန်ခါ၊ ကြိုးခွေ၊ ပလတ်စတစ်ရေထည့်အိတ်၊ ကြာဆံ၊ ဘီစကွတ်၊ သစ်သီးစည်သွတ်ဘူး၊ လက်ဖက်ခြောက်စသည့် စုစုပေါင်း ၄၇ တန်သည် မြတ်မျိုးမောင် ရေယာဉ်ဖြင့် မော်လမြိုင်ကျွန်းမြို့ အသင့်ရေယာဉ်ဆိပ်ကမ်းသို့ ရောက်ရှိလာသည်။

ဆက်လက်ဖြန့်ဖြူး

အလားတူ လှတိုးမောင်ရေယာဉ်ဖြင့် မိုးကာစ အချပ် ၁၀၀၊ အဝတ်အထည်၊ မိုးကာလိပ် ၂၀၊ ပေါက်ပြားအလက် ၁၀၀၀၊ ဓား ၂၄ ထုပ်၊ ဆီးချိုသွေးချိုသွေးခဲပျောက်ဆေး ခုနစ်ဖာ၊ မိုးကာတဲ အချပ် ၁၀၀၊ လက်နှိပ်ဓာတ်မီးနှစ်ဖာ၊ ပန်းကန်များ၊ ပစ္စည်းအစုံပါ ဘူး ၅၀၊ အဝတ်အထည်မျိုးစုံ ၇၅ ထုပ်တို့သည်လည်း အသင့်ရေယာဉ်ဆိပ်ကမ်းသို့ ရောက်ရှိလာကြောင်းနှင့် လေဘေးသင့်ကျေးရွာများသို့ ဆက်လက်ဖြန့်ဖြူးပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**